# “နူးညံ့တဲ့လူတွေဘယ်မှာလဲ”

ဧပြီလ (၁)ရက်၊ တင်ပြသူ-Mahai.ရောမနိုင်ငံ

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

Mahai ဟာ သူ့ကိုနူးညံ့တဲ့လူတစ်ယောက်ဖြစ်လာဖို့ သွန်သင်လမ်းပြခဲ့တဲ့မိဘနဲ့အတူ ကြီးပြင်းလာခဲ့ပါတယ်။ သူ့မိဘတွေဟာ လေးစားဖွယ်ကောင်းကြပြီး၊ မကောင်းတဲ့စကားတွေတစ်ခါမှ မပြောခဲ့ကြပါ။ သူတို့အနေနဲ့ အလုပ်ကြိုးစားနေခဲ့ကြရပါတယ်။ သူတို့ဟာ ငွေတစ်ပြားမှမရှိတဲ့ဘဝကနေ၊ အလုပ်ကြိုးစားခြင်းအားဖြင့် ရိုမေးနီးယားနိုင်ငံမှာ ကျယ်ဝန်းတဲ့စပျစ်ခင်းတစ်ခုကိုပိုင်ဆိုင်သူ ဖြစ်လာခဲ့ကြပါတယ်။ စပျစ်ခင်းကနေထုတ်လုပ်တဲ့စပျစ်ဝိုင်ကို သူတို့ရောင်းခဲ့ကြပေမဲ့၊ သူတို့ကတော့မသောက်ခဲ့ကြပါဘူး။ Mahai အနေနဲ့ သူ့မိဘတွေရဲ့စံနမူနာအတိုင်းလိုက်လျှောက်ခဲ့ပါတယ်။ သူဟာလေးစားဖွယ်ကောင်းပြီး၊ မကောင်းတဲ့စကားတွေမပြောခဲ့ပါ။ အရက်လည်းသူမသောက်ခဲ့ပါ။ မကောင်းတဲ့စကားကိုမပြောတဲ့အပြင်၊ အရက်မသောက်တဲ့လေးစားဖွယ်ကောင်းတဲ့လူတွေအနီးအနားမှာ သူရှိနေချင်ခဲ့ပါတယ်။ ဒါပေမဲ့၊ အဲဒီလိုမျိုးလူတွေ နဲ့တွေ့ဖို့တော့မလွယ်လှပါဘူး။

Mahai ဟာ၊ကျောက်မီးသွေးတွင်းမှာ အင်ဂျင်နီယာတစ်ဦးအနေနဲ့အလုပ်လုပ်ခဲ့ပြီး၊ လေးစားဖွယ်ကောင်းတဲ့လူတွေကို လိုက်လံရှာဖွေခဲ့ပါတယ်။ တစ်ခြား အလုပ်သမားတွေကတော့ မကောင်းတဲ့စကားတွေပြောကြပြီး၊ အရက်သောက်တဲ့အတွက် လေးစားစရာမကောင်းခဲ့ပါ။

တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်းသွားရတာသူပျော်ခဲ့ပါတယ်။ ဘုရားကျောင်းမှာ လေးစားဖွယ်ကောင်းတဲ့လူတွေကိုသူလိုက်ရှာခဲ့ပါတယ်။ ဒါပေမဲ့၊ ခရစ်ယာန်တွေကလေးစားဖွယ်မကောင်းတာရယ်၊ မကောင်းတဲ့စကားတွေပြောတာရယ်၊ အရက်သောက်တာရယ်သူတွေ့ခဲ့လို့ စိတ်မချမ်းမသာဖြစ်ခဲ့ရပါတယ်။

ဒါကြောင့်မို့လို့၊ “လေးစားဖွယ်ကောင်းတဲ့လူတွေတွေ့ချင်ပေမဲ့၊ဘယ်အသင်းတော်မှာမှ ရှာမတွေ့ခဲ့ပါ” လို့ ဘုန်းတော်ကြီးဆီမှာ သူပြောလိုက်ပါတယ်။

ဘုန်းတော်ကြီးအနေနဲ့ ဆက်ပြီးတော့ ဘုရားကျောင်းတက်ဖို့သူ့ကိုအားပေးခဲ့ပါတယ်။

ဒါပေမဲ့ နောက်ပိုင်းမှာ၊ဘုရားကျောင်းသွားစရာမလိုဘူးလို့ သူဆုံးဖြတ်ခဲ့ပါတယ်။ အသင်းသားတွေရဲ့ လူနေမှုပုံစံကို သူအရမ်းစိတ်ပျက်ခဲ့ပါတယ်။

အလုပ်မှာ၊ Mahai အနေနဲ့မိဘတွေဆီကနေသင်ယူခဲ့ရတဲ့ ကောင်းတဲ့အကျင့်တရားတွေကို ဟန်ကြီးပန်ကြီးလုပ်ခဲ့ပါတယ်။ သူဟာ လေးစားဖွယ်ကောင်းပြီး မကောင်း

တွဲစကားတွေမပြောတဲ့အပြင် အရက်လည်းမသောက်ခဲ့ပါ။ သူဟာ အလုပ်သမားတွေရဲ့ ကောင်းတဲ့ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့ပြီး၊ ထောင်နဲ့ချီတဲ့အလုပ်သမားအများကြီးကိုကြီးကြပ်ရတဲ့ ကုမ္ပဏီတစ်ခုရဲ့ ညွှန်ကြားရေးမှူးဖြစ်လာခဲ့ပါတယ်။ ညွှန်ကြားရေးမှူးတစ်ဦးအနေနဲ့ သူစိတ်စွဲလမ်းစေမယ့် ကောင်းတဲ့အကျင့်တရားလိုက်လျှောက်သူတစ်ဦးဦးကို လိုချင်ခဲ့ပါတယ်။ ဒါပေမဲ့ အလုပ်သမားတွေထဲမှာ တစ်ယောက်မှမတွေ့ဖြစ်ခဲ့ပါ။

သူ့အလုပ်ကို အောင်အောင်မြင်မြင် လုပ်ပြီးတဲ့နောက်ပိုင်းမှာ၊ ရောမနိုင်ငံရဲ့ မြို့တော်ဖြစ်တဲ့Bucharest မြို့ကနေ အနောက်ဖက်မိုင် ၁၄၀ ဝေးတဲ့ Craiova မြို့မှာ သူအငြိမ်းစားယူခဲ့ပါတယ်။ သူ့အသက်တာမှာ ပျော်ပျော်ရွှင်ရွှင်အသက်ရှင်ဖို့ သူမျှော်လင့်ခဲ့ပါတယ်။ ဒါပေမဲ့ သူအငြိမ်းစားယူပြီး နောက်နှစ်ပတ်မှာ လေဖြတ်ရောဂါခံစားခဲ့ရပြီး၊ ဆေးရုံတက်ခဲ့ရပါတယ်။

အိမ်ပြန်လာတဲ့အခါ၊ သူကျန်းမာရေးပြန်ကောင်းဖို့ အတတ်နိုင်ဆုံးကြိုးစားခဲ့ပါတယ်။ မနက်တိုင်း လေ့ကျင့်ခန်းထွက်လုပ်ရင်း၊ သူ့ခြေထောက်တွေလက်တွေပြန်သုံးလို့ရအောင် ကြိုးစားခဲ့ရပါတယ်။ အဲဒါဟာ တကယ်ကြီးမားတဲ့ ကြိုးပမ်းအားထုတ်မှုဖြစ်ပါတယ်။ လေဖြတ်ရောဂါကြောင့် ငိုကြွေးခဲ့ရပေမဲ့၊ သူ့ရဲ့စိတ်လှုပ်ရှားမှုကိုထိန်းနိုင်အောင် သူလူးလွန့်ရုန်းကန်ခဲ့ရပါတယ်။

သူ့အိမ်နီးချင်းတစ်ဦးဖြစ်တဲ့ Gabriel က အပြင်မှာ Mahai လေ့ကျင့်ခန်းလုပ်နေချိန် သူ့အတွက်လျှို့ဝှက်စွာဖြင့် ဆုတောင်းပေးခဲ့ပါတယ်။ သူတို့နှစ်ဦးဟာတစ်ခါမှ စကားမပြောခဲ့ကြပေမဲ့၊ အသက်ကြီးသူအနေနဲ့ ခန္ဓာကိုယ်ရောဝိညာဉ်ရေးအတွက်ပါ ခွန်အားရှိဖို့ ဘုရားသခင်ဆီမှာ သူဆုတောင်းပေးခဲ့ပါတယ်။

သုံးပတ်ကြာတဲ့အခါမှာ၊Gabriel အနေနဲ့ Mahai အိမ်မှာသွားလည်ပြီး မိမိကိုယ်ကိုမိတ်ဆက်ခဲ့ပါတယ်။ ဆုတောင်းဖို့နဲ့ကျမ်းစာသင်ဖို့အတွက် အဖွဲ့ငယ်မှာပါဝင်ဖို့Mahai ကိုသူခေါ်ဖိတ်ခဲ့ပါတယ်။

Mahai အနေနဲ့ အဖွဲ့ငယ်ကခေါင်းဆောင်တွေကိုသဘောကျခဲ့ပါတယ်။ သူတို့ဟာလေးစားဖွယ်ကောင်းကြပြီးမကောင်းတဲ့စကားတွေမပြောကြတဲ့အပြင်၊အရက်လည်းမသောက်ကြပါဘူး။ သူတို့ဟာ သူ့အသက်တာတစ်လျှောက်လုံးမှာလိုက်လံရှာဖွေခဲ့ရတဲ့ သူတွေဖြစ်ပါတယ်။ သူ့အနေနဲ့ကျမ်းစာသင်တာကိုလည်းနှစ်သက်ခဲ့ပါတယ်။ သူတို့တစ်တွေအားဖြင့်  ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တာကို  သူရှာဖွေတွေ့ရှိခဲ့ပါတယ်။

ယနေ့ Mahai ဟာCraiova မြို့က သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်မှာ ဥပုသ်နေ့တိုင်း  ဘုရားကျောင်းတက်နေပါတယ်။

“မြော်လင့်ခြင်းအသင်းတော်မှာ ကျွန်တော်လိုက်လံရှာဖွေခဲ့ရတဲ့ ရိုးသားပြီးလေးစားဖွယ်ကောင်းတဲ့လူတွေနဲ့တွေ့ရလို့ အရမ်းဝမ်းသာခဲ့ပါတယ်။သူတို့ကအရက်မသောက်ကြတဲ့အပြင်၊ မကောင်းတဲ့စကားတွေလည်းမပြောကြပါဘူး။ အဲဒီအကြောင်းကြောင့်

ဒီအသင်းတော်မှာ ကျွန်တော်ရှိနေတာပါ” လို့ ဂုဏ်ယူစွာဖြင့် သူပြောခဲ့ပါတယ်။

သူ့အနေနဲ့ ရေနှစ်ခြင်းခံဖို့အဆင်ပြေတဲ့အခါ သူ့နှလုံးသားကို ယေရှုသခင်ဆီမှာ ဆက်ကပ်ဖို့ မျှော်လင့်တောင့်တနေပါတယ်။

သူ့အိမ်နီးချင်း Gabriel ဟာ ရင်းနှီးတဲ့မိတ်ဆွေဖြစ်လာပါတယ်။ သူတို့နှစ်ဦးဟာအချိန်ယူပြီး စကားတွေပြောခဲ့ကြပါတယ်။

Mahai အနေနဲ့ သူအငြိမ်းစားယူတဲ့အခါ ပျော်ရွှင်စွာဖြင့်အသက်ရှင်ဖို့ မျှော်လင့်ခဲ့ပေမဲ့၊ သူ့ရဲ့ကျန်းမာရေးချို့တဲ့မှုကြောင့် သူဝမ်းနည်းခဲ့ရပါတယ်။ ဒါပေမဲ့၊ ဘုရားသခင်ကိုသိရှိထားလို့ သူ့မှာ ဘာမှညည်းညူစရာမရှိပါဘူး။

“ကျွန်တော့ဘဝမှာ ယခု ဒီလိုဖြစ်နေပေမဲ့၊ ကျွန်တော့လက်ရှိအခြေအနေအတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်” လို့ သူပြောခဲ့ပါတယ်။

သမ္မာကျမ်းစာသင်မှုအပါအဝင်၊ ပညာရေးဟာ ရောမနိုင်ငံမှာ သခင်ယေရှုအမြန်ကြွဆင်းလာတော့မယ့် သတင်းကောင်း ဝေငှသက်သေခံနိုင်ဖို့ အရေးကြီးတဲ့နည်းလမ်းတစ်လမ်းဖြစ်ပါတယ်။

သင်တို့ရဲ့ ဥပုသ်တော်နေ့ ၁၃ ပတ်အလှူငွေတစ်ချို့ကို မြော်လင့်ခြင်းပညာရေး ကျယ်ပြန့်လာဖို့ကျောင်းတစ်ကျောင်းဖွင့်ရာမှာ အသုံးပြုသွားမှာဖြစ်ပါတယ်။ သင်တို့ရက်ရောစွာ လှူဒါန်းမယ့်အလှူငွေအတွက် အထူးကျေးဇူးတင်ပါတယ်။

-ဝ-

## "ကောင်းမြတ်တဲ့ဘုရား ရှာဖွေတွေ့ရှိမှု"

ဧပြီလ (၈)ရက်၊ တင်ပြသူ-Violeta
ရောမနိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကို တင်ပြခိုင်းရန်)

Violeta ဟာ အသက်ငယ်သေးတဲ့မိန်းကလေးတစ်ယောက်အနေနဲ့ သခင်ဘုရားကို ကြောက်လန့်ခဲ့ပါတယ်။

ကွန်မြူနစ်ရောမ နိုင်ငံမှာ ခရစ်ယာန်ဘာသာကိုတားမြစ်ပိတ်ပင်ထားခဲ့ပြီး၊ သူမရဲ့အဖွားမှအပ လူတစ်ယောက်ကမှ သခင်ဘုရားအကြောင်းကို Violeta ဆီမှာမပြောခဲ့ကြပါ။ သူ့အဘွားမှာ သခင်ဘုရားအကြောင်း နှစ်သက်ဖွယ်ရာ ပြောစရာတစ်ခုမှမရှိပါ။

"သင်အမှားတစ်ခုလုပ်မိရင်သင့်ကိုသခင်ဘုရားက အပြစ်ဒဏ်ပေးလိမ့်မယ်" လို့ အဖွားက ပြောခဲ့ပါတယ်။

Violeta အနေနဲ့ သခင်ဘုရားဟာဘုန်းတန်ခိုးတော်ရှိပြီး၊ ဘာမဆိုသိရှိလျက် လူတွေလုပ်မိခဲ့တဲ့အမှားတွေအတွက် အပြစ်ဒဏ်ပေးတယ်လို့ သိရှိနားလည်ခဲ့ပါတယ်။

Violeta ဟာ ကြီးပြင်းလာသလို သူ့အဖွားရဲ့ သခင်ဘုရားရဲ့ရုပ်ဆင်းသဏ္ဌာန်နဲ့သဘာဝရဲ့အလှဟာ ဆန့်ကျင်နေကြောင်း သတိပြုမှတ်သားခဲ့ပါတယ်။ မိုးတွင်းမှာ၊ သစ်ပင်တွေရဲ့အရွက်တွေ ပေါက်လာပြီးတော့ စားလို့ကောင်းတဲ့အသီးတွေသီးလာတာကို သူမက တွေ့မြင်ခဲ့ပါတယ်။ နွေရာသီမှာ သစ်ရွက်တွေ ကြွေကျပြီးတော့၊ဆောင်းရာသီအတွင်းမှာသစ်ရွက်တွေမရှိတော့တာကို သူမကတွေ့မြင်ခဲ့ပါတယ်။ သစ်ပင်တွေကိုစောင့်ရှောက်တဲ့ တစ်စုံတစ်ဦးတော့ ရှိရမှာပဲလို့ သူမသိရှိနားလည်ခဲ့ပါတယ်။

ငှက်တွေရဲ့သီချင်းဆိုသံတွေကလည်း သူ့စိတ်ထဲမှာ စွဲလမ်းခဲ့ပါတယ်။ အင်မတန်မှသာယာလှတဲ့အသံနဲ့ သီချင်းဆိုဖို့ ငှက်တွေကို တစ်စုံတစ်ဦးကတော့ သင်ပေးရမှာပဲလို့ သူစဉ်းစားခဲ့ပါတယ်။

လူတွေကစဉ်းစားဆင်ခြင်တတ်ပြီး တိရစ္ဆာန်တွေကတော့ မစဉ်းစားမဆင်ခြင်တတ်လို့၊ လူနဲ့တိရစ္ဆာန်တို့ရဲ့ခြားနားမှုကို သူသတိထားမိခဲ့ပါတယ်။ တိရစ္ဆာန်တွေနဲ့ခြားနားမှုရှိအောင် လူတွေကိုဖန်ဆင်းခဲ့တဲ့ တစ်စုံတစ်ဦးဆီကနေ စဉ်းစားဆင်ခြင်တတ်တဲ့အစွမ်း လာရမှာလို့ သူစဉ်းစားခဲ့ပါတယ်။ အဲဒီပုဂ္ဂိုလ်ဟာ ကောင်းမြတ်တဲ့ဖန်ဆင်းရှင်ဖြစ်ရမှာ ဆိုပြီးသူဆုံးဖြတ်ခဲ့ပါတယ်။ နောက်ပိုင်းမှာတော့၊ သူသိရှိခဲ့တဲ့ ဘုရားနဲ့သဘာဝအလှကိုဖန်ဆင်းတဲ့ဘုရားကြားမှာ ခြားနားမှုရှိကောင်းရှိလိမ့်မယ်လို့ သူအံ့သြမိခဲ့ပါတယ်။

အရွယ်ရောက်လာတဲ့အခါ၊ Violeta ဟာ တစ်နည်းအားဖြင့် သခင်ဘုရားက

အပြစ်ဒဏ်ပေးပါ့မယ်စဉ်းစားလို့ ဘုရားကျောင်းသွားခဲ့ပါတယ်။ အဲဒီမှာတော့၊ သူမပျော်ခဲ့ပါဘူး။ သူ ဖရောင်းတိုင်တွေထွန်းပြီး ရုပ်တုတွေကို နမ်းခဲ့ပါတယ်။ ကြောက်ရွံ့မှုနဲ့ သူရှိခိုးခဲ့ပြီး၊ သူ့အနားက လူတိုင်းဟာ ကြောက်ရွံ့လို့ရှိခိုးကြတယ်ဆိုတာ သူသိရှိနားလည်ခဲ့ပါတယ်။ အဲဒီ ရိုးရာဓလေ့မှာ သူပျော်လို့မရပေမဲ့၊ ရပ်လို့လည်းမရခဲ့ပါ။ "သင်အမှားတစ်ခုလုပ်မိရင် သင့်ကို သခင်ဘုရားက အပြစ်ဒဏ်ပေးလိမ့်မယ်" လို့အဖွားရဲ့ သတိပေးချက်ကို ကြားနေခဲ့ရပါတယ်။

သူအသက် ၃၀နှစ် ရှိတဲ့အခါ Violeta အနေနဲ့ မတော်တဆကားတိုက်မှုနဲ့ရင်ဆိုင်ခဲ့ရပါတယ်။ အဲဒီနေ့မှာ သူထိုင်ခုံခါးပါတ်ကြိုး မသုံးတာ ပထမအကြိမ်ဖြစ်ပါတယ်။ သူ့ကားဟာ လိမ့်သွားခဲ့လို့ သေကောင်းသေလိမ့်မယ်လို့ သူစဉ်းစားခဲ့ပါတယ်။ "အို၊ ဘုရား ကျွန်မကိုကယ်ပါ" လို့ သူမ ငိုကြွေးခဲ့ရပါတယ်။

ကားဟာ လုံးလုံးပျက်စီးခဲ့ပေမဲ့၊ ကုတ်ရာခြစ်ရာတစ်ခုမှမရှိပဲ သူမ တွားသွားခဲ့ပါတယ်။ သူမဟာ ထိတ်လန့်တုန်လှုပ်ခဲ့ပါတယ်။ လုံးလုံးပျက်စီးသွားတဲ့ကားကို တွေ့တဲ့လူတိုင်းဟာ ထိတ်လန့်တုန်လှုပ်ခဲ့ကြပါတယ်။ ကားရဲ့အမိုးက သူမထိုင်နေခဲ့တဲ့ထိုင်ခုံကို ချေမွပစ်လိုက်ခဲ့ပါတယ်။ ဒါပေမဲ့၊ ကားတိုက်မှုအရှိန်ကြောင့် အနောက်ထိုင်ခုံက သူမကို လွှဲပစ်ခဲ့ပါတယ်။ အကယ်၍များ သူမအနေနဲ့ ထိုင်ခုံခါးပတ် သုံးခဲ့ရင်တော့ သေဖို့သေချာ သလောက်ပါ။

သူမအနေနဲ့ လုံးလုံးပျက်စီးခဲ့တဲ့ သူ့ကားကို ကြည့်ရှုနေတဲ့အချိန်မှာ အမျိုးသမီးတစ်ဦးက ချဉ်းကပ်လာခဲ့ပြီး၊ "သင့်ကို သခင်ဘုရားက အရမ်းချစ်ပါတယ်။ သူ့ကိုမတွေ့တွေ့အောင်အမြန်ရှာပါတော့" လို့ ပြောခဲ့ပါတယ်။

Violeta အနေနဲ့ မယုံတယုံနဲ့နားထောင်ခဲ့ရပါတယ်။ သူမ သိရှိခဲ့တဲ့ဒေါသထွက်နေတဲ့သခင်ဘုရားမဟုတ်ပဲ၊ တစ်ခြားသခင်ဘုရားအကြောင်း အမျိုးသမီးက ပြောနေတာကို သူနားလည်သဘောပေါက်ခဲ့ပါတယ်။

အဲဒါနဲ့၊ ကွဲပြားခြားနားတဲ့ အသင်းတော်တွေမှာ သွားလည်ရင်း သခင်ဘုရားကို သူမက လိုက်လံရှာဖွေခဲ့ပါတယ်။ သူမမှာ သမ္မာကျမ်းစာအုပ်တစ်အုပ်ရှိထားပြီး သခင်ယေရှုကို သူမက သိရှိချင်ခဲ့ပါတယ်။

တစ်နေ့မှာ အားလပ်ရက်အတွင်း မည်းနက်တဲ့ပင်လယ် (Black Sea)မှာရှိနေချိန်၊ ကမ်းခြေပေါ်စားပွဲတစ်လုံးပေါ်ကနေ စာအုပ်ရောင်းနေတဲ့ အမျိုးသမီးတစ်ဦးကို သူမသတိရခဲ့ပါတယ်။ သခင်ယေရှုအကြောင်းပါတဲ့ စာအုပ်ငါးအုပ်ကိုရောင်းနေတဲ့သူမကိုတွေ့ရှိပြီး၊ အဲဒီစာအုပ်တွေကိုဝယ်ဖို့ သူမက တောင်းဆိုခဲ့ပါတယ်။

"အယ်လင်ဂျီဝှိုက်ရေးထားတဲ့ စာအုပ်တစ်အုပ်အုပ်ဖတ်ဘူးပါသလား" လို့ စာအုပ်ရောင်းသူက မေးခဲ့ပါတယ်။

Violeta အနေနဲ့ မဖတ်ဖူးကြောင်း ဝန်ခံခဲ့ပါတယ်။ အယ်လင်ဝှိုက်အကြောင်း

သိမနေပေမဲ့ အဲဒီစာအုပ်ငါးအုပ်ကိုသူမ ဝယ်ချင်လို့ ရောင်းချသူအနေနဲ့ အံ့ဩမိခဲ့ပါတယ်။

"နောက်ပိုင်း ကျွန်မပြန်ခေါ်လို့ရမလား" ဆိုပြီး သူမ ပြောခဲ့ပါတယ်။

အိမ်မှာ၊ ချက်ချင်းပဲ ထာဝရလိုအင်သက်တော်စဉ် စာအုပ်ကို သူမက ဖတ်ခဲ့ပါတယ်။ သူမအနေနဲ့ ပိုပြီး သခင်ယေရှုအကြောင်းကို သိချင်ခဲ့ပါတယ်။

မကြာခင်မှာပဲ၊ စာအုပ်ရောင်းချသူ Yulia အနေနဲ့ သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်မှာ ဘုရားလာရှိခိုးဖို့ ဖုန်းအားဖြင့် Violeta ကိုခေါ်ဖိတ်ခဲ့ပါတယ်။ Violeta အနေနဲ့လည်း Yulia နဲ့အသင်းတော်အပေါ်မှာ စိတ်ဝင်စားလာခဲ့ပါတယ်။ ကောင်းမြတ်ပြီးချစ်ခြင်းမေတ္တာရှိတဲ့ သခင်ဘုရား၊ သူမ နားလည်ခဲ့တဲ့ သဘာဝအလှနဲ့ လူကိုဖန်ဆင်းတဲ့ သခင်ဘုရားကို သူတို့ ဝတ်ပြုကိုးကွယ်ခဲ့ကြပါတယ်။

Violeta အနေနဲ့ ကောင်းမြတ်ပြီးချစ်ခြင်းမေတ္တာရှိတဲ့သခင်ဘုရား၊ သမ္မာကျမ်းစာရဲ့သခင်ဘုရားဆီမှာ သူမရဲ့နှလုံးသားကို ဆက်ကပ်ခဲ့ပြီး၊ မြော်လင့်ခြင်းအသင်းတော်ထဲသို့ ဝင်လာခဲ့ပါတယ်။

ယနေ့ သူမအနေနဲ့ သမ္မာကျမ်းစာသင်ပေးပြီး၊ တစ်ခြားလူတွေကို သမ္မာကျမ်းစာထဲက သူမရှာဖွေတွေ့ရှိခဲ့တဲ့ ကောင်းမြတ်ပြီး ချစ်ခြင်းမေတ္တာရှိတဲ့ သခင်ဘုရားအကြောင်းကို သင်ကြားပေးနေပါတယ်။

"သခင်ဘုရားဟာ ဖန်ဆင်းရှင်၊တန်ခိုးအာဏာကြီးမြတ်တဲ့ဘုရားဖြစ်ပေမဲ့၊ ကျွန်မတို့ကို သူချစ်တယ်။ အဲဒီသခင်ဘုရားဟာ ကလေးဘဝကနေ ကျွန်မလိုက်ရှာဖွေခဲ့တဲ့ဘုရားဖြစ်ပါတယ်။ သခင်ဘုရားဟာ ချစ်ခြင်းမေတ္တာဖြစ်တယ်ဆိုတာ ခိုင်ခိုင်မာမာ ကျွန်မ ယုံကြည်ပါတယ်" လို့ သူမ ပြောခဲ့ပါတယ်။

သမ္မာကျမ်းစာသင်ယူမှုအပါအဝင်၊ ပညာရေးဟာရောမနိုင်ငံမှာ ကောင်းမြတ်ပြီး ချစ်ခြင်းမေတ္တာရှိတဲ့ သခင်ဘုရားအကြောင်း သတင်းကောင်း ဝေငှသက်သေခံနိုင်ဖို့ အရေးကြီးတဲ့ နည်းလမ်းတစ်လမ်းဖြစ်ပါတယ်။

သင်တို့ရဲ့ ဥပုသ်တော်နေ့ ၁၃ ပတ်အလှူငွေတစ်ချို့ကို မြော်လင့်ခြင်းပညာရေးကျယ်ပြန့်လာဖို့ ကျောင်းတစ်ကျောင်းဖွင့်ရာမှာ အသုံးပြုသွားမှာဖြစ်ပါတယ်။ သင်တို့ရက်ရောစွာလှူဒါန်းမယ့်အလှူငွေအတွက် အထူးကျေးဇူးတင်ပါတယ်။

-ဝ-

# “လေဆိပ်မှာ အဖမ်းခံခဲ့တယ်”

ဧပြီလ (၁၅)ရက်၊ တင်ပြသူ-Carmen
စပိန်နိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကိုတင်ပြခိုင်းရန်)

Carmen ဟာ၊ နိုင်ငံတကာလေယာဉ်နဲ့ မပျံသန်းခင်နှစ်ရက်အလိုမှာ၊သခင်ဘုရားရဲ့ ကာကွယ်စောင့်ရှောက်မှုအတွက် သူ့ကုတင်နားမှာ ဒူးထောက်ရင်း သူမ ဆုတောင်းခဲ့ပါတယ်။အသက်နုငယ်သေးတဲ့အဲဒီအမျိုးသမီးဟာ ဆယ်ကျော်သက်အရွယ်ကစပြီး တစ်ခါမှဆုမတောင်းခဲ့ဘူးပါ။ တားဆီးမရနိုင်လောက်အောင်ဘာဖြစ်လို့ဆု တောင်းလိုတဲ့စိတ်ရှိလာရလဲဆိုတာ သူမအနေနဲ့ မသေမချာဖြစ်ခဲ့ရပါတယ်။ ဒါပေမဲ့၊သူမ မျှော်လင့်ချက်ကင်းမဲ့ခဲ့ပြီး စိတ်နှလုံးအကြွင်းမဲ့နဲ့ သူမဆုတောင်းခဲ့ပါတယ်။

“အို- သခင်ဘုရား၊ ကျေးဇူးပြုပြီး ကာကွယ်စောင့်ရှောက်ပါ။ ကျွန်မမှာအရမ်းလိုအပ်လို့ အဲဒါ ကျွန်မလုပ်နေတာဖြစ်တဲ့အတွက် လမ်းပြပါ။ ကျေးဇူးပြုပြီးကျွန်မကို ဖမ်းဆီးဖို့ ရဲသားကို ခွင့်မပေးပါနဲ့” လို့ Carmen က ဆုတောင်းခဲ့ပါတယ်။

အဲဒီညမှာပဲ၊ ရဲသားက သူမကို ဖမ်းဆီးပြီးတော့၊ သူမရဲ့ လက်နှစ်ဖက်စလုံးကိုလက်ထိတ်ခတ်တဲ့ အိပ်မက်တစ်ခုကို သူမ အိပ်မက်ခဲ့ပါတယ်။ သူမ နိုးတဲ့အခါ အိပ်မက်ဟာ အရေးမကြီးပါဘူးလို့ ဂရုမစိုက်ခဲ့ပါ။

နောက်တစ်နေ့မှာ၊ ခရီးဝေးလံတဲ့ ဘရာဇီးလ်နိုင်ငံကနေ စပိန်နိုင်ငံသို့လေယာဉ် နဲ့ ခရီးထွက်ခဲ့ပါတယ်။

Carmen ဟာ လေယာဉ်ခရီးစဉ် ၁၂ နာရီကြာလို့ ဆတ်ဆတ်တုန်ပြီးကြောက်လန့်ခဲ့ရပါတယ်။ လွန်ခဲ့တဲ့တစ်လတုန်းက အဲဒီလိုခရီးထွက်ဖို့ ပြင်ဆင်ခဲ့ရပေမဲ့ အဆင်မပြေခဲ့တာကို သူမ သတိရလာခဲ့ပါတယ်။ “အချိန်မနှောင်းခင်၊ ယခုမှာပဲ သခင်ဘုရားဆီမှာ ပြန်လည်ဆက်ကပ်လိုက်ပါ” လို့ အကြိမ်ကြိမ်အခါခါ အမေသတိပေးခဲ့တာကို Carmen ပြန်ပြီး သတိရခဲ့မိပါတယ်။

“အို- သခင်ဘုရား၊ ကျေးဇူးပြုပြီး ကျွန်မကို ငြိမ်သက်ခြင်းပေးပါ။ စောင့်ရှောက်ပါ။ ကျွန်မရဲ့နှလုံးကို ငြိမ်စေပါ” လို့ Carmen က မရပ်မနားပဲ ၁၂ နာရီကြာဆုတောင်းခဲ့ပါတယ်။

“အို - သခင်ဘုရား၊ကျေးဇူးပြုပြီး ကျွန်မရဲ့အသက်တာမှာ ကိုယ်တော်ရဲ့အလိုတော်ကိုပြည့်စုံစေပါ” လို့ သခင်ဘုရားလမ်းပြဖို့ ထပ်ပြီးတော့ သူမဆုတောင်းခဲ့ပါတယ်။

စပိန်နိုင်ငံရဲ့မြို့တော် Madrid မြို့ရဲ့လေဆိပ်က လူဝင်မှုကြီးကြပ်ရေးဌာနအရာရှိတစ်ဦးဆီမှာ သူ့နိုင်ငံကူးလက်မှတ်ကိုပေးခဲ့လိုက်ပြီး၊ ဘာမဆိုအဆင်ပြေခဲ့ပါတယ်။ ဒါပေမဲ့၊ အထုပ်အပိုးတွေယူရမယ့်နေရာမှာ သူ့ခရီးဆောင်လက်ဆွဲအိတ်ကို ကောက်ယူလိုက်တော့၊ ရဲအရာရှိကသူ့နောက်ကို "ခဏလေးလိုက်ခဲ့ပါဦး" လို့ပြောခဲ့ပါတယ်။

Carmen က အခန်းတစ်ခန်းမှာ ရဲအရာရှိတွေနောက်ကို လိုက်ခဲ့ပါတယ်။ အဲဒီအခန်းမှာ သူ့ခရီးဆောင်လက်ဆွဲအိတ်ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး၊ အထဲမှာ တရားဥပဒေက တားမြစ်ထားတဲ့ တစ်စုံတစ်ရာကိုတွေ့ရှိခဲ့ကြောင်း ရဲအရာရှိတွေကပြောခဲ့ပြီး သူ့လက်နှစ်ဖက်စလုံးကို လက်ထိတ်ခတ်လိုက်ပါတယ်။

"သင်က အဖမ်းခံလိုက်ရပြီ" လို့ ရဲအရာရှိတစ်ဦးက ပြောခဲ့ပါတယ်။

Carmen အနေနဲ့ သူ့အိပ်မက်ကိုပြန်ပြီးသတိရခဲ့မိပါတယ်။ အပြစ်ခွင့်လွှတ်ဖို့အတွက် ဘုရားသခင်ဆီမှာ တိတ်တဆိတ်တောင်းဆိုခဲ့မိပါတယ်။ ဒါပေမဲ့၊ သူ့မှာတတ်နိုင်တာ ဘာတစ်ခုမှမရှိတော့ပါ။ ရဲတွေက သူမကို လေဆိပ်ကနေ အကျဉ်းထောင်သို့ တိုက်ရိုက် ခေါ်ဆောင်ခဲ့ကြပါတယ်။

အမှုစစ်ဆေးခြင်းဟာ လေးလလောက်ကြာမြင့်ခဲ့ပြီး၊ Carmen အနေနဲ့အကျဉ်းထောင်မှာ ၆နှစ် ကျဖို့ ပြစ်ဒဏ်ချမှတ်ခံခဲ့ရပါတယ်။

စပိန်နိုင်ငံမှာ မိသားစုရော၊ သူငယ်ချင်းပါ သူ့မှာမရှိတဲ့အပြင် သူ့အနေနဲ့တစ်စုံတစ်ဦးတောင်မသိခဲ့ပါ။ "ကျွန်မအပေါ်မှာ ဒီအရာတွေ ဘာဖြစ်လို့ဖြစ်ပျက်နေရတာလဲ။ဘာဖြစ်လို့ ကျွန်မ ဒီနေရာမှာ ရှိနေရတာလဲ" လို့ မိမိကိုယ်တိုင်မေးခွန်းထုတ်ခဲ့ပါတယ်။အဲဒါဟာတကယ့်တကယ် စိတ်ညစ်စရာကောင်းတဲ့ အတွေ့အကြုံဖြစ်ခဲ့ပါတယ်။သူမနဲ့ ထောင်တွင်းအတူနေဖက်တွေက သူတို့ကို သခင်ဘုရားက အပြစ်ဒဏ်ပေးလို့ ထောင်ထဲရောက်လာကြတယ်ဆိုပြီး စဉ်းစားခဲ့ကြပါတယ်။ ထောင်ထဲကနေ လွတ်မြောက်ဖို့ကတော့ မလွယ်လှပါဘူး။

တစ်နေ့မှာ၊ ထောင်တွင်းအတူနေဖက်တစ်ဦးက သမ္မာကျမ်းစာသင်တဲ့နေရာတစ်နေရာမှာ Carmen ကိုခေါ်ဖိတ်ခဲ့ပါတယ်။

"အသင်းတော်တစ်ပါးကနေ နူးညံ့သိမ်မွေ့တဲ့လူတွေ လာလည်ကြပါတယ်။ သူတို့က သမ္မာကျမ်းစာကို သင်ပေးနေကြပါတယ်။ လိုက်ခဲ့နော်" လို့ ထောင်တွင်းအတူနေဖက်က ပြောခဲ့ပါတယ်။

သမ္မာကျမ်းစာသင်ပေးတဲ့နေရာမှာ Carmen သွားခဲ့ပြီး၊ အကျဉ်းထောင်ထဲသို့ အလည်လာတဲ့ မြော်လင့်ခြင်းအသင်းတော်ကဆယ်ဦးအဖွဲ့ထဲမှ "ဂျူလီယာ၊ စန်တိုဆာ" တို့နဲ့တွေ့ဆုံခဲ့ပါတယ်။ အဲဒါဟာ သူမအတွက်မြော်လင့်ခြင်းအသင်းသားတွေနဲ့တွေ့ဆုံတာ ပထမအကြိမ်ပဲ ဖြစ်ပါတယ်။

Carmen အနေနဲ့ မြော်လင့်ခြင်းအမျိုးသမီးတွေကို သဘောကျခဲ့ပါတယ်။

သူတို့က သူမကိုကောင်းကောင်းမွန်မွန် ကြိုဆိုနှုတ်ဆက်ခဲ့ကြပါတယ်။ သူတို့ အတူတကွ ကျမ်းစာဖတ်ကြတဲ့ အခါ၊ သူမရဲ့ အသက်တာမှာ သခင်ဘုရားတည်ရှိမှုကို စပြီးတော့ခံစား
လာခဲ့ရပါတယ်။ သူမအနေနဲ့ အထူးတလည်ဖတ်ချင်တဲ့ ကျမ်းချက်ကတော့၊ ဆာလံ ၂၃း၁-၄၊ "ထာဝရဘုရားသည်ငါ၏သိုးထိန်းဖြစ်တော်မူ၏။ ငါသည်ဆင်းရဲမခံရ။ စိမ်းလန်းသောကျက်စားရာအရပ်၌ ငါ့ကိုအိပ်စေတော်မူ၏။ သာယာသောမြစ်နားသို့လမ်းပြတော်မူ၏။ ငါ့ဝိညာဉ်ကိုအားဖြည့်၍ နာမတော်အဖို့အလို့ငှာ တရားလမ်းထဲ၌သွေးဆောင်တော်မူ၏။ အကယ်၍သေမင်း၏အရိပ်လွှမ်းမိုးသော ချိုင့်ထဲသို့ရောက်သွားရသော်လည်း ဘေးအန္တရာယ်ကိုမကြောက်ပါ။ အကြောင်းမူကား၊ ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူ ရှိတော်မူသည်ဖြစ်၍ လှံတံတော်နှင့်တောင်ဝှေးတော်သည် အကျွန်ုပ်ကိုချမ်းသာစေပါ၏" ဖြစ်ပါတယ်။

Carmen အနေနဲ့ တစ်ယောက်တည်းရှိနေတယ်လို့ မခံစားရတော့ပဲ၊မျှော်လင့်ချက်ရှိလာခဲ့ပါတယ်။ သမ္မာကျမ်းစာသင်တဲ့အချိန်ကနေ စပြီးတော့၊ သူ့ရဲ့အသက်တာဟာ ကောင်းသထက်ကောင်းလာခဲ့ပါတယ်။ အကျဉ်းထောင်ထဲမှာ တစ်ခြားလူတွေတပ်မက်တဲ့အလုပ်တစ်ခုကို လက်ခံရရှိခဲ့ပြီး၊ သူမ မသိရှိခင်မှာ ကောင်းတဲ့အမူအကျင့်ကြောင့် ထောင်ထဲကနေလွတ်ငြိမ်းခွင့် ရရှိခဲ့ပါတယ်။ ပြစ်ဒဏ် ၆ နှစ်ထဲမှ ၃ နှစ်ပဲထောင်
ချမှုခံခဲ့ရပါတယ်။

"ယခုမှာ ကျွန်မလွတ်မြောက်သွားပြီ။ ကျွန်မအသက်တာဟာ နဂိုအခြေအနေပြန်လည်ရောက်ရှိပါပြီ။ တက္ကသိုလ်တစ်ခုမှာ ကျွန်မ ပညာသင်ကြားလျက်ပါ။ ကျွန်မအသက်တာမှာ သခင်ဘုရားအရင်လာလို့ ကျွန်မကလည်း ကိုယ်တော်ကိုအစဉ်အဆက်ယုံကြည်ကိုးစားပါမယ်" လို့ Carmen အနေနဲ့ ကျေကျေနပ်နပ်ပြောခဲ့ပါတယ်။

Carmen အနေနဲ့ အကျဉ်းထောင်က ထောင်ကျတဲ့သူငယ်ချင်းတစ်ဦးဆီမှာ အားပေးတိုက်တွန်းဖို့ ပုံမှန်ပြန်လာခဲ့ပါတယ်။ "သခင်ဘုရားအားဖြင့် ဘာမဆိုဖြစ်နိုင်တဲ့အတွက် ကိုယ်တော်နဲ့အစဉ်အမြဲ အဆက်အသွယ်လုပ်ပြီး ဆုတောင်းဆက်ကပ်လိုက်ပါ" သူမကို အားပေးခဲ့ပါတယ်။

ဘာပဲဖြစ်ဖြစ်၊ Carmen အနေနဲ့ ထောင်ထဲရောက်သွားလို့ သခင်ဘုရားကိုကျေးဇူးတင်ပါတယ်။ ၁၂ နာရီကြာ စပိန်နိုင်ငံ လေယာဉ်ခရီးစဉ်မှာ သူမရဲ့ဆုတောင်းသံကိုဘုရားသခင်က နားညောင်းခဲ့ကြောင်း သူမ ပြောပြခဲ့ပါတယ်။ သခင်ဘုရားက ထောင်ထဲမရောက်ရအောင် မစောင့်ရှောက်ခဲ့ပေမယ့်၊ သူမရဲ့အသက်တာမှာ ကိုယ်တော်ရဲ့အလိုတော်အတိုင်း ပြည့်စုံစေဖို့အတွက် သူမရဲ့တောင်းလျှောက်မှုကိုတော့ နားညောင်းခဲ့ပါတယ်။ သခင်ဘုရားက သူမကို ကိုယ်တော်ရဲ့ ပိုပြီးနီးကပ်လာအောင်

ပို့ဆောင်ခဲ့ပါတယ်။

"ကျွန်မရဲ့ အမှားတွေအတွက် ရှက်မိခဲ့ပါတယ်။ ဒါပေမဲ့၊ ကျွန်မရဲ့ဖြစ်ရပ်တွေဟာ သူတစ်ပါးအတွက် သင်ခန်းစာတစ်ခုဖြစ်စေချင်ပါတယ်။ သင့်အသက်တာမှာ ကိုယ်တော့်အလိုတော်အတိုင်းဖြစ်စေဖို့ သင်တောင်းဆိုတဲ့အခါ၊ ကိုယ်တော့်အလိုတော်အတိုင်းနားညောင်းမှာကို စိတ်ရှည်လက်ရှည် စောင့်စားပါ" လို့ သူမက ပြောပြခဲ့ပါတယ်။

လွန်ခဲ့တဲ့ သုံးနှစ်တုန်းက ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေတစ်ချို့အားဖြင့် အကျဉ်းသားတွေကို သမ္မာကျမ်းစာသင်ပေးတဲ့ ကျောင်းသားတွေ ပညာသင်ကြားနေတဲ့၊ စပိန်နိုင်ငံက Sagunto မြော်လင့်ခြင်းကောလိပ်ကို ကူညီမစခဲ့ပါတယ်။ မျှော်လင့်ချက်ကို ကျယ်ပြန့်စေတဲ့ သင်တို့ရဲ့အလှူငွေအတွက် ကျေးဇူးတင်ပါတယ်။

-၀-

## “စပိန်နိုင်ငံမှာ မျိုးစေ့ကြဲနေတယ်”

ဧပြီလ (၂၂) ရက်၊ တင်ပြသူ-Ivan နဲ့ Delia
စပိန်နိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

Ivan နဲ့ Delia တို့ဟာ ပထမဥပုသ်တော်နေ့မှာ အသင်းသားတစ်ယောက်မှ မပါဘဲ သူတို့အိမ်မှာ ဘုရားဝတ်ပြုခဲ့ကြပါတယ်။

Ivan ဟာ မက်စီကိုနိုင်ငံကဖြစ်ပြီးတော့၊ Delia က ကျူဘား နိုင်ငံကဖြစ်ပါတယ်။ လွန်ခဲ့တဲ့တစ်နှစ်တုန်းက သူတို့ဟာ ကိုဗစ်-၁၉ ကပ်ဘေးကျရောက်ချိန်မှာ “ဘာစီ
လိုးနား” မြို့က မျော်လင့်ခြင်းပါစတာနှစ်ဦးကို ကူညီထောက်ပံ့ဖို့ ရောက်လာခဲ့ကြပါတယ်။ နိုင်ငံအစိုးကရနေ ကိုဗစ် အသွားအလာပိတ်ဆို့မှု ပြန်ဖွင့်တဲ့အခါ စပိန်နိုင်ငံရဲ့ မြို့တော် Madrid ကနေ မိနစ် ၉၀ လောက်ကားမောင်းရတဲ့Segovia မြို့ငယ်မှာ အသင်း
တော်တစ်ပါး တည်ထောင်ဖို့ Ivan နဲ့ Delia တို့ကို အထက်ကနေ တာဝန်ပေးခဲ့ကြပါတယ်။

ပထမဥပုသ်တော်နေ့မှာ သူတို့အိမ်မှာပဲ သမ္မာကျမ်းစာ ဖတ်ခဲ့ကြပါတယ်။ Ivan က ဂီတာတီးပြီးတော့၊ သူတို့ကသီချင်းဆိုခဲ့ကြပါတယ်။ သူတို့နှစ်ယောက်တည်းဖြစ်ပေမဲ့၊သူတို့မှာ မျှော်လင့်ချက်တော့ ရှိခဲ့ကြပါတယ်။ သမ္မာကျမ်းစာသင်ချင်တဲ့အဘွား တစ်ဦးရဲ့နာမည်ကို သူတို့သိထားခဲ့ပါတယ်။

မကြာခင်မှာပဲ၊ Delia အနေနဲ့ အဘွားနဲ့အဆက်အသွယ်လုပ်ပြီးတော့ သူတို့နှစ်ဦးစလုံး သမ္မာကျမ်းစာကိုလေ့လာခဲ့ကြပါတယ်။

နောက်တစ်ပတ် ဥပုသ်တော်နေ့မှာ၊ Ivan နဲ့ Delia တို့အိမ်မှာဘုရားရှိခိုးတဲ့အခါ၊ အဘွားနဲ့အသက်လေးနှစ်သာရှိတဲ့ သူ့မြေးလေးတို့ပါဝင်ခဲ့ကြပါတယ်။

သူတို့အနေနဲ့ တစ်လကြာ သမ္မာကျမ်းစာကို အတူတူလေ့လာခဲ့ကြပါတယ်။ အဲဒီနောက်ပိုင်းမှာ ဥပုသ်တော်နေ့မှာ ဘုရားဝတ်ပြုတဲ့ လူဦးရေဟာ ငါးယောက်အထိ တိုးလာခဲ့ပါတယ်။ အဘွားအနေနဲ့ သူ့ရဲ့ချွေးမကိုပါ အိမ်ဘုရားကျောင်းသို့ခေါ်ဆောင်လာခဲ့ပါတယ်။ မြေးလေးရဲ့အဖေ Luca မပါဝင်သေးလို့ အဘွား အရမ်းစိတ်ပျက်ခဲ့ပါတယ်။

Ivan ကအဖွားဆီမှာ Luca ရဲ့ဖုန်းနံပါတ်ကိုတောင်းဆိုပြီး၊ “နေ့လည်စာအတွက် သင်တို့ဇနီးမောင်နှံကိုခေါ်ဖိတ်လိုပါတယ်” လို့ သူတို့ထံ သတင်းပို့လိုက်ပါတယ်။

မကြာမီမှာပဲ၊ စုံတွဲနှစ်တွဲ နေ့လည်စာအတူစားပြီးတော့၊ ပန်းခြံထဲမှာလမ်းလျှောက်ခဲ့ကြပါတယ်။ လမ်းလျှောက်နေစဉ် Luca အနေနဲ့မကြာခင်အသက် ၂၂နှစ်ပြည့်တော့မှာဖြစ်ကြောင်း ဖွင့်ဟပြောဆိုခဲ့ပါတယ်။

Ivan နဲ့ Delia တို့က Luca နဲ့ မိသားစုအတွက် မွေးနေ့မင်္ဂလာကျင်းပပေးဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ Delia အနေနဲ့နွားနို့နဲ့ ရိုးရာမုန့်လုပ်ပြီး အပေါ်မှာနီတဲ့ပန်းတွေနဲ့ အရွက်တွေဖြင့် မွမ်းမံဆင်ယင်ခဲ့ပါတယ်။

Luca အနေနဲ့ အလွန်မှပင် အံ့သြခဲ့ပါတယ်။ သူ့အသက်တာမှာ တစ်ခါမှအဲဒီလို မွေးနေ့မင်္ဂလာကို မုန့်နဲ့ကျင်းပတာ မရှိခဲ့ပါဘူး။

Luca အနေနဲ့ မုန့်ရောဇည့်ခံပွဲပါ နှစ်သက်ခဲ့ပါတယ်။ သူဟာအင်မတန်မှပျော်ခဲ့ပါတယ်။ သူ့ဇနီးလည်းပျော်ခဲ့ပါတယ်။ သူတို့ရဲ့ ၄ နှစ်အရွယ် သားနဲ့အဖွားတို့လည်း မွေးနေ့အစီအစဉ်မှာ ပျော်ခဲ့ကြပါတယ်။

အဲဒီနောက်ပိုင်းမှာ Luca ဟာ သမ္မာကျမ်းစာသင်တဲ့အဖွဲ့မှာ ပါဝင်ခဲ့ပါတယ်။ ဥပုသ်တော်နေ့မှာလည်း အိမ်ဘုရားကျောင်းမှာ သူ စတက်လာခဲ့ပါတယ်။ ဥပုသ်တော်နေ့မှာ ဘုရားဝတ်ပြုသူ ၆ ယောက်အထိတိုးလာခဲ့ပါတယ်။

Ivan, Delia အဖွား၊အသက် ၄ နှစ်ရှိတဲ့ မြေးယောကျ်ား၊ချွေးမနဲ့ Luca တို့ဖြစ်ပါတယ်။ Ivan ကဂီတာတီးပြီး၊ သူတို့အားလုံးက ပျော်ပျော်ရွှင်ရွှင်နဲ့ သီချင်းဆိုခဲ့ကြပါတယ်။

အဖွား၊ Luca နဲ့ တစ်ခြားလူတို့ကလည်း တေးဂီတသံကို လာပြီးနားထောင်ကြဖို့ သူတို့ရဲ့သူငယ်ချင်းတွေကို ခေါ်ဖိတ်ခဲ့ကြပါတယ်။ အဲဒါနဲ့ အဖိုးလည်း တေးဂီတသံကို နားထောင်ခဲ့ပါတယ်။

တစ်နှစ်ခွဲအတွင်း၊ မြော်လင့်ခြင်းအသင်းသားတစ်ယောက်မှမရှိသေးတဲ့ အဲဒီမြို့ငယ်မှာ၊ ယခု လူအယောက် ၃၀ ရှိနေပါပြီ။ ဥပုသ်နေ့တိုင်း အိမ်ဘုရားကျောင်းမှာ ပုံမှန်ဘုရားဝတ်ပြုကြပါတယ်။ လူ ၁၈ ဦးတို့ကလည်း သမ္မာကျမ်းစာလေ့လာနေကြပြီး လူ ၆ ဦးရေနှစ်ခြင်းခံယူခဲ့ပါတယ်။ သူတို့အနေနဲ့ ဘုရားကျောင်းတစ်ဆောင် ငှားရမ်းဖို့ စီမံကိန်းရှိကြပါတယ်။

“ဘုရားဝတ်ပြုတဲ့ လူဦးရေတိုးတက်လာတဲ့အတွက် ဘုရားဝတ်ပြုဖို့အဆောက်အအုံတစ်ဆောင် ရှာနေတုန်းပါ” လို့ Ivan ကပြောခဲ့ပါတယ်။

“ဥပုသ်တော်နေ့မှာ ဘုရားဝတ်ပြုဖို့ ဘုရားကျောင်းတစ်ဆောင်နဲ့၊အပတ်တိုင်း ပတ်ဝန်းကျင်ကလူတွေဆီ ရောက်နိုင်ဖို့ သြဇာလွှမ်းမိုးတဲ့နေရာအတွက် ကျွန်မတို့လိုအပ်
နေပါတယ်” လို့ Delia က ထပ်မံဖြည့်စွက်ခဲ့ပါတယ်။

စပိန်နိုင်ငံမှာ မြော်လင့်ခြင်းအသင်းသားတစ်ယောက်မှ မရှိတဲ့ မြို့ကြီးတွေနဲ့

မြို့ငယ်တွေ အများကြီးရှိနေပါသေးတယ်။

လွန်ခဲ့တဲ့ သုံးနှစ်တုန်းက ၁၃ ပတ် ဥပုသ်တော်နေ့ အလှူငွေတစ်ချို့အားဖြင့် စပိန်နိုင်ငံနဲ့ တစ်ခြားနေရာမှာ သခင်ယေရှုအမြန်ကြွဆင်းလာတော့မယ့်သတင်းကောင်းကို ဟောကြားဖို့ လူတွေကိုသင်တန်းပေးရန်အတွက် စပိန်နိုင်ငံက Sagunto မြေဘ်လင့်ခြင်းကောလိပ်ကို ကူညီမစခဲ့ပါတယ်။ သင်တို့ရဲ့ အလှူငွေအတွက် ကျေးဇူးတင်ပါတယ်။

-ဝ-

# "ပတ်ဖိုင်တာကြော်ငြာ အံ့သြတယ်"

ဧပြီလ (၂၉) ရက်၊ တင်ပြသူ-Loida
စပိန်နိုင်ငံ

(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကို တင်ပြခိုင်းရန်)

Loida ရဲ့အသက်တာဟာ သူမ အသက် ၁၂ နှစ်အရွယ်မှာ သူ့မိဘတွေလုံးဝ ခွဲခွာသွားလို့ ကမောက်ကမ ဖြစ်ခဲ့ရပါတယ်။

သူ့မိဘတွေ၊ အဖိုးအဖွားတွေဟာ သတ္တမနေ့မြော်လင့်ခြင်းအသင်းသားတွေ ဖြစ်ကြပါတယ်။ Loida လည်း မြော်လင့်ခြင်းမိသားစုကနေကြီးပြင်းလာခဲ့ပါတယ်။ သူ့မိ ဘတွေ ခွဲခွာပြီးတဲ့နောက်မှာ သူတို့ ဘုရားကျောင်းမတက်ကြတော့ပါ။ အသင်းတော်ကနေ သူ့အဖေကို အပြစ်ဒဏ်ပေးခဲ့ပါတယ်။

Loida ဟာ အရမ်းစိတ်ဓါတ်ကျခဲ့ပါတယ်။ သူမအနေနဲ့ ချစ်ခြင်းမေတ္တာရှိတဲ့ အသင်းတော်ကနေ ဘယ်တော့မှ အပြစ်ဒဏ်ပေးမယ်လို့ မစဉ်းစားမိခဲ့ပါ။ သူမရဲ့စိတ်မကောင်းမှုကို ပြောပြတဲ့အခါ သူ့အဖေအပြစ်ကျူးလွန်ကြောင်း အသင်းသားတို့က ပြောပြခဲ့ပါတယ်။ အဲဒီအချိန်မှာ Loida ဟာ ရေနှစ်ခြင်းခံဖို့ ပြင်ဆင်နေတဲ့ သစ္စာရှိတဲ့ ပတ်ဖိုင်တာ တစ်ယောက်ဖြစ်ပါတယ်။ သူမအနေနဲ့ ရေနှစ်ခြင်းခံဖို့ အဆင်သင့်ဖြစ်ချိန်မှာ သူ့ခံစားချက်တွေ ဖော်ပြတာကို တစ်ချို့အသင်းသားတွေက မေးခွန်း ထုတ်ခဲ့ကြပါတယ်။

အသင်းသားတစ်ဦးက "သင့်အနေနဲ့ ခဏတဖြုတ်စောင့်ပြီးတော့၊ သူများမေးတဲ့မေးခွန်းတွေကို အရင်ဖြေရင်ကောင်းမှာနော်" လို့ ပြောခဲ့ပါတယ်။

အဲဒါနဲ့ Loida က ရေနှစ်ခြင်းမခံဖို့ဆုံးဖြတ်ပြီး ဘုရားကျောင်းမတက်တော့ပါ။ သူမဟာ စိတ်ပျက်ပြီး အသင်းတော်ကနေထွက်ခွာသွားခဲ့ပါတယ်။ အဲဒီနောက်ပိုင်း ပါစတာနဲ့အသင်းသားတစ်ဦးမှ အဆက်အသွယ်မလုပ်ကြတော့ပါ။ သူမဟာ နေကောင်းရဲ့လားဆိုတာ တစ်စုံတစ်ယောက် လာမေးဖို့ ဒါမှမဟုတ် ရေနှစ်ခြင်းခံဖို့ပြင်ဆင်ရန် သမ္မာကျမ်းစာ ဆက်ပြီးလေ့လာပါလို့ လာအားပေးမလားဆိုတာ သူမ လိုချင်ခဲ့ပါတယ်။ ဒါပေမဲ့၊ တစ်ယောက်မှ သူမကို စကားလာမပြောခဲ့ကြပါ။

နှစ်ပေါင်း ၃၀ လွန်သွားတဲ့အခါ၊ Loida အနေနဲ့ အိမ်ထောင်ပြုခဲ့ပြီး မုဆိုးမဖြစ်ခဲ့ပြီးတော့၊ အိမ်ထောင်ပြန်ပြုခဲ့ပါတယ်။

တစ်နေ့မှာ၊ Loida အနေနဲ့ Social media ကနေ သတင်းတွေကိုအကြမ်းကူးတဲ့အချိန်မှာ Pathfinder တောစခန်းအတွက် ကြော်ငြာတစ်ခုတွေ့ခဲ့ပါတယ်။ သူမအနေနဲ့

Pathfinder မှာ ပါဝင်ခဲ့ဖူးတဲ့အတွက် အဲဒီအကြောင်းကို သိချင်ခဲ့မိပါတယ်။ ဘာဖြစ်လို့ အဲဒီကြော်ငြာဟာ သူ့ဖေ့စ်ဘွတ်ပေါ်မှာ ပေါ်လာသလဲဆိုတာ သူမ အံ့သြခဲ့ပါတယ်။ သူမအနေနဲ့ မြော်လင့်ခြင်းသူငယ်ချင်းတွေ မရှိတဲ့အပြင် အသင်းတော်နဲ့လည်း မီဒီယာအားဖြင့်အဆက်အသွယ်မရှိခဲ့ပါ။

Loida အနေ အဲဒီကြော်ငြာကို နှိပ်ပြီး အရင်ကတောစခန်းတွေရဲ့ဗီဒီယိုကို ကြည့်ရှုနားထောင်ခဲ့ပါတယ်။ အဲဒီ ဗီဒီယိုတွေကို ကြည့်ရှုနားထောင်ရင်း သူမ ငိုကြွေးခဲ့ပါတယ်။ သူမအနေနဲ့ ဘုရားကျောင်းသွားခဲ့တာရယ်၊Pathfinder လှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့တာရယ် ပြန်ပြီးသတိရခဲ့မိပါတယ်။ သူ့စိတ်ထဲမှာ သခင်ဘုရားနဲ့ ပြန်လည်ဆက်သွယ်ဖို့ဆန္ဒ ပြင်းပြလာခဲ့ပါတယ်။

သူမအနေနဲ့ အွန်လိုင်းကနေ မြော်လင့်ခြင်းအသင်းတော်အကြောင်းကိုကြည့်ရှုရင်း၊ အသင်းတော်အနေနဲ့တရားဟောချက်တွေအပါအဝင် တစ်ခြားအွန်လိုင်းနည်းလမ်းအများကြီးရှိကြောင်း သိရှိလာခဲ့ပါတယ်။ သူမအနေနဲ့ တစ်ပတ်လုံးလုံး တရားဟောချက်တွေ၊ရက်သတ္တပတ်ဆုတောင်းခြင်းအစီအစဉ်တွေနဲ့ တစ်ခြားအသင်းတော်ရဲ့ လှုပ်ရှားမှုတွေကိုကြည့်ရှုနားထောင်ခဲ့ပါတယ်။ သူမအနေနဲ့ အသက် ၈ နှစ်အရွယ်ရှိတဲ့သမီး Valeria ကို ဗီဒီယိုတစ်ချို့ပြသခဲ့ပါတယ်။

သူမက၊ "ကျွန်မက အဲဒီအသင်းတော်မှာ အမြစ်စွဲခဲ့တာ" လို့ သူ့သမီးကိုပြောခဲ့ပါတယ်။

Pathfinder တောစခန်းဗီဒီယိုတွေက Valeria ရဲ့စိတ်ကို ဆွဲဆောင်ခဲ့ပါတယ်။ "အမေရယ်၊ ဘာဖြစ်လို့ ဘုရားကျောင်းမသွားတော့တာလဲ" လို့ သူ့သမီးကမေးခဲ့ပါတယ်။ Loida အနေနဲ့ ဘယ်လိုဖြေရမှန်းမသိလို့"မသိတော့ပါဘူးဗျာ" လို့ ပြန်ပြောခဲ့ပါတယ်။

ကလေးတစ်ယောက်အနေနဲ့ ဘုရားကျောင်းမသွားတော့တာ အကြောင်းပြချက်တွေရှိတယ်လို့ သူမစဉ်းစားခဲ့မိပါတယ်။ ဒါပေမဲ့၊ လူကြီးတစ်ဦးအနေနဲ့တော့ ကောင်းတဲ့အကြောင်းပြချက်တွေ မရှိတာကို သူမ သိရှိခဲ့ပါတယ်။

Valeria အနေနဲ့ Pathfinder တောစခန်းမှာ အတူတူသွားဖို့အမေဆီမှာ တောင်းဆိုခဲ့ပါတယ်။

Loida အနေနဲ့ အသင်းတော်ထဲက အကူအညီရမဲ့လူတစ်ယောက်မှ စဉ်းစားမရခဲ့ပေမယ့်၊ မြော်လင့်ခြင်းသူငယ်ချင်းတစ်ဦးကိုတော့ ပြန်သတိရမိပါတယ်။ မီဒီယာကနေ ကြေငြာခဲ့တဲ့ တောစခန်းမှာ အမေနဲ့သမီးသွားဖို့အတွက် သူ့သူငယ်ချင်းက ကူညီပေးခဲ့ပါတယ်။

Loida ရဲ့သမီးဟာ တောစခန်းမှာ တစ်ခြားကလေးတွေနဲ့ကောင်းကောင်းမွန်မွန် ချမ်းချမ်းသာသာ ပေါင်းဖက်လို့ရတဲ့အတွက်၊ အမေအတွက်ရောသမီးအတွက်ပါ

အံ့သြဖွယ်ရာအကောင်းဆုံး အတွေ့အကြုံတစ်ခုဖြစ်ခဲ့ရပါတယ်။ တောစခန်းကနေပြန်လာတဲ့အခါ၊ သားအမိတွေ သမ္မာကျမ်းစာသင်ဖို့ဆုံးဖြတ်ခဲ့ကြပါတယ်။ နောက် ၂ နှစ်မှာ၊Loida အနေနဲ့ ရေနှစ်ခြင်းခံယူခြင်းအားဖြင့် သူ့နှလုံးသားကို သခင်ယေရှုဆီမှာဆက်ကပ်ခဲ့ပါတယ်။ သူမဟာ အလွန်မှပင်ပျော်ခဲ့ပါတယ်။

ယနေ့၊ Valeria ဟာ၊အသက် ၁၀ နှစ်ရှိပြီး၊ တစ်နေ့ကျရင် ရေနှစ်ခြင်းခံဖို့အတွက် သူမက သမ္မာကျမ်းစာလေ့လာနေပါတယ်။

Loida အနေနဲ့၊သူ့မှာအိပ်မက်တွေရှိခဲ့ပါတယ်။ သူမနဲ့ Valeria တို့ဟာ အနီးအနားက မြော်လင့်ခြင်းအသင်းသားအနည်းငယ်သာရှိတဲ့ မြို့တစ်မြို့မှာ နေထိုင်ခဲ့ကြပါတယ်။ သူမအနေနဲ့ အသင်းတော်ရဲ့သာသနာ့လှုပ်ရှားမှုတွေမှာ ပိုပြီးပါဝင်နိုင်ဖို့နဲ့၊ မြော်လင့်ခြင်းအသင်းတော်ကျောင်းတစ်ကျောင်းမှာ ပညာသင်နိုင်ဖို့အတွက် Sagunto မြို့သို့ ရွှေ့ပြောင်းချင်ခဲ့ပါတယ်။

သူ့ဖေစ်ဘွတ်ပေါ်မှာ Pathfinder ကြော်ငြာ ဖောက်ခနဲပေါ်လာလို့ သူမပျော်နေပါတယ်။ “နှစ်ပေါင်း ၃၀ တိုင်တိုင်၊ ကျွန်မအသက်တာမှာ တစ်စုံတစ်ခုဟာနေတယ်လို့ခံစားခဲ့ရပါတယ်။ ယခုအခါ သခင်ဘုရားဆီမှာ ပြန်လည်ဆက်ကပ်ခဲ့လို့ ကျွန်မဘဝမှာပြည့်စုံမှုတွေ ခံစားနေရပါပြီ” လို့ ဝမ်းပန်းတသာ သူမ ပြောပြခဲ့ပါတယ်။

လွန်ခဲ့တဲ့ သုံးနှစ်တုန်းက ၁၃ ပတ်ဥပုသ်တော်နေ့ အလှူငွေတစ်ချို့အားဖြင့် Loida အနေနဲ့ သူ့သမီးကိုကျောင်းပို့ချင်တဲ့ စပိန်နိုင်ငံက Sagunto မြော်လင့်ခြင်းကောလိပ်ရဲ့အဆောက်အအုံအတွက် ကူညီမစခဲ့ပါတယ်။ မျှော်လင့်ချက်ကိုကျယ်ပြန့်စေတဲ့ သင်တို့ရဲ့အလှူငွေအတွက် ကျေးဇူးတင်ပါတယ်။

-၀-

# "သမ္မာကျမ်းစာယောက်ျား"

မေလ(၆)ရက်၊ တင်ပြသူ-Remus
စပိန်နိုင်ငံ

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကို တင်ပြခိုင်းရန်)

Remus ကို "သမ္မာကျမ်းစာယောက်ျား" အနေနဲ့ လူတိုင်းသိမြင်ခဲ့ပါတယ်။ သူဟာ သူနာပြုဆရာတစ်ဦးဖြစ်ပြီး၊ သူ့ဇနီးဟာ ဇီဝသုကာပညာရှင်တစ်ဦးဖြစ်ပါတယ်။ သူတို့မှာ ကလေးသုံးယောက်ရှိပြီး၊ ပြင်သစ်နိုင်ငံမှာ နေထိုင်ခဲ့ကြပါတယ်။ အပြင်ရှုထောင့်နဲ့ကြည့်တဲ့အခါမှာ၊ သူတို့ပျော်ရွှင်ဖို့အတွက် လိုအပ်သမျှ သူတို့ဘာမဆို ပိုင်ဆိုင်ခဲ့ကြပါတယ်။ ဒါပေမဲ့၊ သူတို့မှာ တစ်စုံတစ်ခုတော့ ဟာနေသလိုဖြစ်ခဲ့ပါတယ်။

Remus အနေနဲ့၊ "အကျွန်ုပ်သည် မြေကြီးပေါ်မှာ ကိုယ်တော်၏ဘုန်းကို ထင်ရှားစေပါပြီ။ အကျွန်ုပ်ဆောင်ရွက်စရာဘို့ အကျွန်ုပ်၌အပ်ပေးတော်မူသောအမှုကို အကျွန်ုပ်ဆောင်ရွက်၍ ပြီးပါပြီ" (ယောဟန် ၁၇း၄) ဆိုပြီး သူ့ခမည်းတော်ဆီမှာ သခင်ယေရှုရဲ့ ဆုတောင်းချက်မျိုးလို ဆုတောင်းတတ်ဖို့ တမ်းတခဲ့ရပါတယ်။

Remus အနေနဲ့၊ သူ့အသက်တာမှာ ဘုရားသခင်ရဲ့ဘုန်းတော်ကို ထင်ပေါ်ကျော်ကြားစေချင်ခဲ့ပါတယ်။ ဒါပေမဲ့၊ သူဘယ်လိုလုပ်မှာလဲ။

ဂျူးဘုရားကျောင်းတစ်ကျောင်းမှာ၊ သခင်ယေရှုက၊ "ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်၌ တည်တော်မူ၏။ အကြောင်းမူကား၊ ဆင်းရဲသားတို့အားဝမ်းမြောက်စရာသတင်းကို ကြားပြောစေခြင်းငှာ၊ ငါ့ကိုဘိတ်သိပ်ပေးတော်မူပြီ။ ကြေမွသောသူတို့၏အနာကို ပျောက်စေခြင်းငှါ၄င်း၊ ဘမ်းသွားချုပ်ထားလျက်ရှိသော သူတို့အားလွှတ်ခြင်းအကြောင်းနှင့် မျက်စိကန်းသောသူတို့အား မျက်စိပြန်မြင်ခြင်းအကြောင်းကိုပြစေခြင်းငှါ၄င်း၊ ညှင်းဆဲခံရသောသူတို့ကို ကယ်မစေခြင်းငှာ၄င်း၊ ထာဝရဘုရား၏မင်္ဂလာ နှစ်ကာလကို ပြောစေခြင်းငှါ၄င်း ငါ့ကိုစေလွှတ်တော်မူပြီ ဟုလာသတည်း" (လုကာ ၄း၁၈-၁၉) ဆိုပြီး လူသိရှင်ကြားပြောသလို သူ့အနေနဲ့ သူ့သာသနာလုပ်ငန်းလည်းအဲဒီလို ဖြစ်စေချင်ခဲ့ပါတယ်။

သခင်ယေရှုက၊ "သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊သားတော်၊သန့်ရှင်းသော ဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့။ ငါသည် သင်တို့အားပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှာဆုံးမဩဝါဒ ပေးကြလော့" (မဿဲ ၂၈း၁၉-၂၀) ဆိုပြီး တပည့်တော်တို့အား မိန့်တော်မူချက်ကို Remus အနေနဲ့ ဖတ်ရှုခဲ့ပါတယ်။

ပြီးတော့၊ အယ်လင်ဂျီဝှိုက်ရေးတဲ့ မျှော်လင့်ခြင်းစေတမန်များ စာအုပ်၊စာမျက်နှာ ၆ ထဲမှ၊ "ဓမ္မစာပေဖြန့်ချီရေးလုပ်ငန်းကို စနစ်တကျ လုပ်ဆောင်ပါက ၄င်းသည်

အဆင့်အမြင့်ဆုံးသော သာသနာလုပ်ငန်းဖြစ်သည်" ဆိုပြီး ဖတ်ရှုခဲ့ရပါတယ်။

Remus အနေနဲ့ ဓမ္မစာပေအမှုတော်ဆောင်တစ်ဦးဖြစ်လာဖို့ သူဆုံးဖြတ်ခဲ့ပါတယ်။ သူ့အနေနဲ့ စာအုပ်မဝယ်ချင်တဲ့ လူတွေဆီမှာစာအုပ်ရောင်းကြည့်ချင်ခဲ့ပါတယ်။

စပိန်နိုင်ငံမှာ လောကီရေးရာကိုပဲ အာရုံစူးစိုက်တဲ့နယ်မြေဖြစ်တဲ့ Galicia မြို့မှာ Remus နဲ့ သူ့မိသားစုဟာပြောင်းရွှေ့ခဲ့ကြပါတယ်။ လူဦးရေ သုံးသန်းနီးပါးထဲမှ မြော်လင့်ခြင်းအသင်းသားဦးရေ ၅၀၀ လောက်သာရှိခဲ့ပြီး၊ ဘုရားကျောင်းငါးကျောင်းမှာ ဘုရားဝတ်ပြုခဲ့ကြပါတယ်။

Remus အနေနဲ့၊ လူတွေကလယ်ထုတ်ကုန်တွေ၊အဝတ်အထည်တွေ၊အရုပ်တွေ၊စာအုပ်တွေနဲ့သုံးပြီးသားပစ္စည်းတွေ ဝယ်တဲ့ဈေးဆိုင်အပြင်မှာ သမ္မာကျမ်းစာအုပ်နဲ့ အခြားစာအုပ်တွေကို ရောင်းချခဲ့ပါတယ်။ ထောင့်တစ်နေရာကနေ သူစာအုပ်ရောင်းလို့သူ့ကို "သမ္မာကျမ်းစာယောက်ျား" လို့ ခေါ်ခဲ့ကြပါတယ်။

အပြင်ဈေးဆိုင်တစ်ဆိုင်မှာ၊ Remus အနေနဲ့ ပျံကျဈေးသည်တစ်ဦးကစာအုပ်တွေ ရောင်းနေခဲ့တာကိုတွေ့မြင်ခဲ့ပါတယ်။ Remus ကလည်း သူ့ဆီမှာသွားပြီး စကားပြောခဲ့ပါတယ်။

အဲဒီဈေးသည်အနေနဲ့ စကားမပြောချင်ပေမဲ့၊ နောက်ကျောခိုင်းလို့လည်းမရခဲ့ပါ။

"သင့်မှာ သမာရိုးကျမဟုတ်တဲ့ တစ်စုံတစ်ခုရှိနေတယ်" လို့နောက်ဆုံးမှာ ပျံကျဈေးသည်က ဝန်ခံခဲ့ပါတယ်။

ဈေးမှာ စကားအများကြီးပြောကြပြီးမှ အဲဒီဈေးသည်ကလည်း သူ့ဆိုင်မှာ Remus ရဲ့စာအုပ်အများကြီးကို တင်ရောင်းပေးဖို့ သဘောတူခဲ့ပါတယ်။

ကျေးဇူးဆပ်တဲ့အနေနဲ့ Remus ဟာ သူ့ကိုသမ္မာကျမ်းစာအုပ်တစ်အုပ် လက်ဆောင်ပေးခဲ့ပါတယ်။

အဲဒီအမျိုးသားကလည်း သူ့အိမ်မှာ သမ္မာကျမ်းစာဖတ်ရှုလေ့လာပြီး၊ ကျမ်းစာသင်ပေးဖို့အတွက် Remus ဆီမှာ အကူအညီတောင်းခဲ့ပါတယ်။ လအနည်းငယ်ကြာတဲ့အခါမှာ သူ့နှလုံးသားကို သခင်ယေရှုဆီမှာအပ်နှံခဲ့ပါတယ်။ ယနေ့၊ အဲဒီအမျိုးသားအနေနဲ့ သူ့ရဲ့အမေ၊သူ့ညီမ၊သူ့သမီးတို့ ပြောင်းလဲလာဖို့အတွက် သူကြိုးစားနေပါတယ်။

သူနဲ့ Remus တို့ဟာ သူငယ်ချင်းဖြစ်လာကြပြီး၊သူတို့တွေ့ဆုံတိုင်း "ဟဲလို၊ သမ္မာကျမ်းစာယောက်ျား" လို့ သူ့ကို ခေါ်ခဲ့ပါတယ်။

တစ်ချိန်ချိန်မှာ Remus ရဲ့စာအုပ်တွေဟာ သူတို့ဘာသာသူတို့ရောင်းထွက်ခဲ့ပါတယ်။ တစ်ခါကျတော့ လမ်းမကြီးပေါ်မှာ သမ္မာကျမ်းစာအုပ်တွေသယ်လာရင်း

တစ်စုံတစ်ယောက်က ရပ်ခိုင်းခဲ့ပါတယ်။

အဲဒီလူက၊ "အဲဒါ၊ သမ္မာကျမ်းစာလား" လို့ မေးခဲ့ပါတယ်။

Remus ကလည်း၊"ဟုတ်ပါတယ်။ ကျွန်တော် သမ္မာကျမ်းစာအုပ်တွေရောင်းနေတာပါ" လို့ ပြောခဲ့ပါတယ်။

"တစ်အုပ်ဘယ်လောက်လဲ" လို့ သူမေးလိုက်တော့၊ "အမေရိကန်ဒေါ်လာ ၁၀ ကျပါတယ်" လို့ Remus ကပြောခဲ့ပါတယ်။

"ကျေးဇူးပြုပြီး တစ်အုပ်ပေးပါ။ ကျွန်တော် တစ်အုပ်ဝယ်ပါ့မယ်"လို့ သူပြောခဲ့ပါတယ်။

အဲဒီလိုအခြေအနေမျိုးမှာ Remus အနေနဲ့ စာအုပ်ရောင်းထွက်ဖို့လုပ်စရာဘာတစ်ခုမှမရှိပါ။ သူ့အိမ်ကနေထွက်သွားဖို့ပဲဖြစ်ပါတယ်။ "သမ္မာကျမ်းစာရောင်းတဲ့ ပုဂ္ဂိုလ်ဟာ ဘုရားသခင်ပါ" လို့ သူပြောခဲ့ပါတယ်။

တစ်ခြားအချိန်မှာ အမျိုးသမီးတစ်ဦးဟာ Remus သမ္မာကျမ်းစာအုပ်ရောင်းနေတာ တွေ့တဲ့အခါ ပျော်လွန်းလို့ ခုန်လွှားခဲ့ပါတယ်။

"သမ္မာကျမ်းစာတစ်အုပ်အတွက် ကျွန်မဆုတောင်းတာ ကြာလှပြီ။ အဲဒီအရာဟာ ဘုရားသခင်ဆီကနေအဖြေ ဖြစ်ပါတယ်" လို့ သူမဝမ်းပန်းတသာအော်ဟစ်ပြီး၊ သမ္မာကျမ်းစာအုပ်အသစ်ကို သူမနမ်းခဲ့ပါတယ်။

တစ်ခြားအချိန်မှာ၊ Remus အနေနဲ့ အပြင်ဖက်ဈေးရောက်ဖို့ မိုင် ၄၀ ခရီးထွက်ခဲ့ရပါတယ်။ အဲဒီနေ့မှာ စာအုပ်အများကြီးရောင်းခဲ့ရလို့ သူပျော်နေပါတယ်။ဒါပေမဲ့၊ ညနေပိုင်းရောက်တော့၊ အဲဒီခရီးအတွက် ဓါတ်ဆီဖိုးကာမိဖို့ စာအုပ်သိပ်မရောင်းရသေကြောင်း သူသိရှိခဲ့ပါတယ်။

"ဒီခရီးဟာ ထိုက်တန်ပါရဲ့လား" လို့ သူစဉ်းစားခဲ့ပါတယ်။

ပြီးတော့၊ အသက် ၉၀ အရွယ်ရှိတဲ့အဘိုးကြီးတစ်ဦးဟာ သူ့စာအုပ်ဆိုင်မှာလာခဲ့ပါတယ်။

"သမ္မာကျမ်းစာအုပ်တစ်အုပ် ရှိပါသလား" လို့ သူမေးခဲ့ပါတယ်။

အဘိုးကြီးအနေနဲ့ သူ့ကို သခင်ယေရှုက ချစ်လို့ရမလားဆိုတာ သိချင်ခဲ့ပါတယ်။ Remus အနေနဲ့လည်း သခင်ယေရှုနဲ့ သူ့ချစ်ခြင်းမေတ္တာအကြောင်းကိုအားပါးတရရှင်းပြခဲ့ပါတယ်။ မျက်ရည်မျက်ခွက်နဲ့ သူတို့နှစ်ဦးကသခင်ယေရှုရဲ့ချစ်ခြင်းမေတ္တာအကြောင်းကို ချင့်ချိန်စဉ်းစားခဲ့ကြပါတယ်။ ပြီးတော့၊အဖိုးကြီးက သမ္မာကျမ်းစာအုပ်တစ်အုပ် ဝယ်ခဲ့ပါတယ်။

သခင်ယေရှုကိုသိကျွမ်းဖို့ဟာ နောက်ကျလွန်းတယ်ဆိုတာမရှိပါဘူး။ အဖိုးကြီးနဲ့တွေ့ပြီးတော့၊ သူနဲ့သခင်ယေရှုရဲ့ချစ်ခြင်းမေတ္တာအကြောင်းကို ဆွေးနွေးမှုဟာ

ဈေးအထိ သူ့ခရီးစရိတ်အတွက်ထိုက်တန်ပါတယ်။ Remus အနေနဲ့ကောင်းကင်ဘုံမှာသခင်ယေရှုနဲ့အတူ ဆုံတွေ့ဖို့ မျှော်လင့်တောင့်တခဲ့ပါတယ်။

Remus အနေနဲ့ စပိန်နိုင်ငံမှာ သခင်ဘုရားရဲ့အမှုတော်ထမ်းဆောင်ရတာ ကျေနပ်အားရခဲ့ပါတယ်။

"ထာဝရအသက်ကို လိုက်လံရှာဖွေတဲ့လူ အများကြီးရှိပါတယ်။ သမ္မာကျမ်းစာအုပ်ကိုပေးခြင်းအားဖြင့် သူတို့ကို ကျွန်ုပ်တို့အနေနဲ့ကူညီမစလို့ရတယ်" ဆိုပြီး သူပြောခဲ့ပါတယ်။

လူတိုင်းက သူ့ကို "သမ္မာကျမ်းစာယောက်ျား" အဖြစ် သိကျွမ်းခဲ့ကြလို့ သူဝမ်းသာပီတိဖြစ်ခဲ့ပါတယ်။

စပိန်နိုင်ငံမှာ မြော်လင့်ခြင်းအသင်းသားမရှိသေးတဲ့ မြို့တွေအများကြီးရှိပါသေးတယ်။

လွန်ခဲ့တဲ့ သုံးနှစ်တုန်းက ၁၃ ပတ်ဥပုသ်တော်နေ့ အလှူငွေတစ်ချို့အားဖြင့် သခင်ယေရှုအမြန်ကြွဆင်းလာတော့မယ့် သတင်းကောင်းကို ဟောပြောဖို့ လူတွေကိုသင်တန်းပေးဖို့အတွက် စပိန်နိုင်ငံက Sagunto မြော်လင့်ခြင်းကောလိပ်ကို ကူညီမစခဲ့ပါတယ်။ မျှော်လင့်ချက်ကို ကျယ်ပြန့်စေတဲ့သင်တို့ရဲ့ အလှူငွေအတွက် အထူးကျေးဇူးတင်ပါတယ်။

-ဝ-

# “ထွက်ပြေးတိမ်းရှောင်ဖို့အစီအစဉ် လုပ်ရဲ့နေတယ်”

မေလ (၁၃)ရက်၊ တင်ပြသူ-Georgio
အီတလီနိုင်ငံ

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

Georgio အနေနဲ့ ရောမနိုင်ငံရဲ့ကွန်မြူနစ်ပါတီကနေ ထွက်ပြေးဖို့ ရဲရဲဝံ့ဝံ့စီစဉ်ခဲ့ပါတယ်။

သူ့အနေနဲ့ နီးကပ်တဲ့နိုင်ငံကနေ၊ ပြင်သစ်နိုင်ငံရဲ့မြို့တော် ပဲရစ်စ် ခရီးအတွက် ကံကောင်းတဲ့ လူတွေ ရောမနိုင်ငံရဲ့မြို့တော် Bucharest မှာ မီးရထားတွေလိုက်စီးကြတာ
မြင်တွေ့ခဲ့ရပါတယ်။ သူစောင့်ကြည့်လိုက်တော့၊ ရထားရဲ့အမိုးနဲ့ မျက်နှာကျက်ကြားမှာ လူငယ်တစ်ယောက်ပုန်းနိုင်တဲ့ နေရာလပ်ရှိတာ သူသိရှိခဲ့ပါတယ်။

သူ့အနေနဲ့၊ ရထားလက်မှတ်မပါပဲ ရထားစီးလို့မရခဲ့ပါ။ ဒါပေမဲ့၊ပဲရစ်စ်ရထားတွဲဟာ ရထားဘူတာတိုင်းမှာ ငါးမိနစ်ပဲရပ်ခဲ့ပါတယ်။ရထားလမ်းပေါ်မှာပြေးပြီး ကားရထားပေါ်တက်ပြီးတော့ အမိုးနဲ့မျက်နှာကျက်ကြားမှာပုန်းဖို့ သူအချိန်ရခဲ့ပါတယ်။ရောမနိုင်ငံကနေထွက်ပြေးဖို့ကြိုးစားမှုဟာ ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ပါတယ်။ အကယ်၍များ၊ သူအဖမ်းခံခဲ့ရသော် သူထောင်ကျနိုင်ပါတယ်။ ဒါပေမဲ့၊ ၁၉၈၂ ခုနှစ်မှာ သူအသက် ၂၀ နှစ်ရှိပြီး၊ ဘဝအသစ်ကို သူတောင့်တခဲ့ပါတယ်။

ရထားပေါ်မှာ သူပဲ အရင်ဆုံးတက်စီးတယ်လို့ သူယုံကြည်ခဲ့ပါတယ်။ ဒါပေမဲ့၊ သူဟာ အရင်ဆုံးမဟုတ်ပဲ အစောင့်အကြပ်တွေက ထွက်ပြေးဖို့ရဲရဲဝံ့ဝံ့ ကြိုးစားနေတာဖြစ်မှာကို ကြိုပြီးမျှော်မှန်းထားလို့ သူ့ကိုဖမ်းဆီးလိုက်ပါတယ်။ Georgio ဟာ နှစ်ပတ်လောက် စစ်ဆေးမေးမြန်းမှု ခံခဲ့ရပါတယ်။ ပြီးတော့၊ တရားရုံးကနေ ပြစ်ဒဏ်စီရင်ချက်ချဖို့ စောင့်တဲ့အနေနဲ့ ထောင်ထဲသို့ သူ့ကိုပို့ခဲ့ပါတယ်။

Georgio ဟာ ဘုရားတရား မယုံကြည်သူတစ်ဦး ဖြစ်ခဲ့ပါတယ်။ အစိုးရရဲ့နိုင်ငံရေးသဘောတရားကို သူစွန့်ပယ်တာတောင်မှ အစိုးရအနေနဲ့ခရစ်ယာန်တစ်ဦးဖြစ်တာထက်၊ ဘုရားတရားမယုံကြည်သူဖြစ်တာ ပိုကောင်းတယ်လို့လက်ခံယုံကြည်စေခဲ့ပါ တယ်။ သူ့အနေနဲ့ မိုက်တဲ့လူတွေကပဲ ဘုရားကို ယုံကြည်ကြတယ်လို့ သူယုံကြည်ခဲ့ပါတယ်။

ထောင်ထဲမှာ၊ Georgio က သတ္တမနေ့မြော်လင့်ခြင်းအသင်းသားတစ်ဦးနဲ့ ပထမအကြိမ်ဆုံတွေ့ခဲ့ပါတယ်။ အဲဒီလူငယ်ဟာ သူ့အရွယ်လောက်ပဲ ရှိပါတယ်။ သူ့အနေနဲ့ စစ်မှုမထမ်းမနေရ ဥပဒေနဲ့ စစ်တပ်အတွင်းအမှုထမ်းခဲ့တာဖြစ်ပြီး၊ ဥပုသ်တော်နေ့မှာအလုပ်မလုပ်ချင်လို့ ထောင်ချခံခဲ့ရတာဖြစ်ပါတယ်။ Georgio အနေနဲ့

သူ့နေပုံထိုင်ပုံဟာ တစ်ခြားအကျဉ်းသားတွေနဲ့ ခြားနားနေခဲ့တာ သူသတိထားမိခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ စကားပြောလာခဲ့ကြပါတယ်။ သူကဘုရားကိုယုံကြည်ပေမဲ့မမိုက်တဲ့အတွက်Georgio အနေနဲ့ အံ့အားသင့်ခဲ့ရပါတယ်။

ရောမနိုင်ငံမှာ တားဆီးထားတဲ့သမ္မာကျမ်းစာအကြောင်းကိုမြော်လင့်ခြင်းပါစတာအနေနဲ့ သူ့ကိုရှင်းပြခဲ့ပါတယ်။

Georgio အနေနဲ့ ထောင်ထဲကနေ လွတ်ပြီးတဲ့နောက်မှာ သမ္မာကျမ်းစာအကြောင်းကို ပိုပြီး သိနားလည်ချင်လို့ သမ္မာကျမ်းစာအုပ်တစ်အုပ်ကို မတွေ့တွေ့အောင်ရှာဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

အဲဒီဆုံးဖြတ်ချက်ချပြီးတဲ့နောက် နာရီပိုင်းမှာပဲ သူ့ရဲ့ထွက်ပြေးဖို့အစီအစဉ်အတွက် ပြစ်ဒဏ်စီရင်ချက်ချဖို့ Georgio ကိုတရားရုံးသို့ခေါ်ဆောင်ခဲ့ပါတယ်။ သူ့အနေနဲ့ တစ်ခြားလူတွေကိုလည်း နိုင်ငံကနေထွက်ပြေးဖို့ ဆွဲဆောင်ခဲ့လို့ အခံရခက်တဲ့ ပြစ်ဒဏ်စီရင်ချက်ချမှုဆိုင်နေရတာ သူသိခဲ့ပါတယ်။ သူထောင်ထဲရောက်တာ ၂လရှိသွားပါပြီ။

ဒါပေမဲ့၊ တရားသူကြီးက ဖြစ်ရိုးဖြစ်စဉ်မဟုတ်တဲ့ဆုံးဖြတ်ချက်ကို ချမှတ်လိုက်ပြီး "သင်ကချက်ချင်းပဲ လွတ်မြောက်ခွင့်ရမယ်" လို့ ပြောခဲ့ပါတယ်။

ပြည်နယ်တရားလိုက၊"ပြည်နယ်ရာဇဝတ်မှုတစ်ခု သူကျူးလွန်ခဲ့တယ်လေ"ဆိုပြီး သူ ငြင်းဆိုကန့်ကွက်ခဲ့ပါတယ်။

တရားသူကြီးအနေနဲ့ နည်းနည်းလေးတောင် မရွှေ့ခဲ့ပါ။ Georgio ကို တရားရုံးမှာခေါ်ဆောင်လာခဲ့တဲ့ ရဲအရာရှိဖက်ကိုလှည့်ပြီး၊ "သူ့ကို ဘယ်တော့ လွတ်လို့ရမလဲ" လို့ သူမ မေးခဲ့ပါတယ်။

ရဲအရာရှိကလည်း၊ "မနက်ဖန်၊ သူ့ကိုလွှတ်ပါမယ်" လို့ ပြောခဲ့ပါတယ်။ ရဲအရာရှိက Georgio ကို ထောင်သို့ပြန်ခေါ်ဆောင်လာခဲ့ရင်း၊ "မုချဧကန်၊ဩဇာရှိသူတစ်ချို့သင်သိကျွမ်းနေမှာပဲ" လို့ ထိတ်လန့်စိုးရွံ့လျက် ပြောခဲ့ပါတယ်။ Georgio အနေနဲ့ ဩဇာရှိတဲ့သူတစ်စုံတစ်ဦးမှ မသိကြောင်း ပြောခဲ့ပါတယ်။ အဲဒါနဲ့ကောင်းကင်ဘုံကနေ တစ်စုံတစ်ဦးက သူ့ကိုကူညီတာဖြစ်မှာပဲလို့ သူသဘောပေါက်ခဲ့ပါတယ်။

Georgio ဟာ နောက်တစ်နေ့မှာလဲ မလွတ်ခဲ့ပါဘူး။ ဆဌမနေ့မှာ၊ သူ့မြော်လင့်ခြင်းသူငယ်ချင်းက၊"တရားသူကြီးက ချက်ချင်းပဲ သင်လွတ်မြောက်ခွင့်ရမယ်လို့တကယ့်တကယ်ပြောသလား" လို့ မေးခဲ့ပါတယ်။

အဲဒီအတောအတွင်းမှာပဲ၊ Georgio အနေနဲ့ သူလွတ်မြောက်ခွင့်ရလို့ သမ္မာကျမ်းစာသင်ဖို့ ဆုံးဖြတ်ခဲ့တာကို ပြန်သတိရမိပါတယ်။ သူ့မြော်လင့်ခြင်းအသင်းသားသူငယ်ချင်းရဲ့ အကူအညီနဲ့ ထောင်ထဲမှာသမ္မာကျမ်းစာလေ့လာဖို့ သူဆုံးဖြတ်ခဲ့ပါတယ်။သူ့သူငယ်ချင်းဆီမှာ သူ့ဆုံးဖြတ်ချက်ကိုပြောလိုက်ပါတယ်။ ထောင်အစောင့်ကလာပြီးတော့ "မနက်ဖြန်ကစပြီး၊ သင်အလုပ်မလုပ်ရတော့ဘူး။

လွတ်ငြိမ်းခွင့်ရရှိမှာဖြစ်တဲ့အတွက် သင့်အခန်းထဲမှာပဲ သင်နေလိုက်ပါ" ဆိုပြီး ပြောခဲ့ပါတယ်။

တကယ်ပဲ၊ Georgio ဟာ ထောင်ထဲကနေ လွတ်လာခဲ့ပါတယ်။ Georgio အနေနဲ့ သခင်ဘုရားထံမှာ ကတိပြုခဲ့ပါတယ်။ သူဟာမြော်လင့်ခြင်း အသင်းတော်တစ်ပါးရှာဖွေတွေ့ရှိပြီး၊ ဥပုသ်တော်နေ့တိုင်း ဘုရားဝတ်ပြုခဲ့ပါတယ်။ သူ့အသက်တာပြောင်းလဲခဲ့ပြီး ရောမနိုင်ငံကနေထွက်ပြေးဖို့လည်း မစဉ်းစားတော့ပါ။ သူကအဲဒါထက်ပိုအရေးကြီးတဲ့ သခင်ယေရှု၌လွတ်လပ်မှုကို ရှာဖွေတွေ့ရှိခဲ့ပါတယ်။ သူ့အနေနဲ့ အရမ်းပျော်ရွှင်ခဲ့ပါတယ်။

ယနေ့၊ Georgio ဟာ အီတလီနိုင်ငံမှာ နေထိုင်ပြီး၊ ရောမနိုင်ငံက ရောမမြော်လင့်ခြင်းအသင်းတော်ရဲ့ သစ္စာရှိသော အသင်းသားတစ်ဦးဖြစ်ပါတယ်။ သူနဲ့သူ့ဇနီးတို့မှာ အရွယ်ရောက်ပြီးသားသားသမီး၃ယောက်နဲ့မြေး ၈ ယောက်ရှိကြပါတယ်။ ကွန်မြူနစ်ဝါဒ ပြိုလဲပြီးတဲ့နောက်မှာ ရောမနိုင်ငံကနေ သူထွက်ခွာခဲ့ပါတယ်။

ယနေ့အထိတိုင်၊Georgio အနေနဲ့တရာသူကြီးက သူ့ကိုဘာဖြစ်လို့ လွတ်ငြိမ်းချမ်းသာခွင့်ပေးရလဲဆိုတာ ရှင်းမပြတတ်ပါဘူး။သခင်ဘုရားကပဲ ကြားဝင်ဆောင်ရွက်ပေးတယ်လို့ ယုံကြည်ခဲ့ပါတယ်။

Georgio အနေနဲ့ ယခင်က မြော်လင့်ခြင်းအသင်းသားအကျဉ်းသားနဲ့ အဆက်အသွယ်လုပ်ခဲ့ပါတယ်။ ယခု၊ သူဟာဆောက်လုပ်ရေးကုမ္ပဏီတစ်ခုရဲ့ပိုင်ရှင်ဖြစ်ပါတယ်။ ဥပုသ်တော်နေ့ကိုစွန့်လွှတ်ငြင်းဆိုမှုကြောင့် မြော်လင့်ခြင်းအသင်းသားဟာ နှစ်နှစ်ထောင် အပြစ်ဒဏ်စီရင်ချမှတ်မှုနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒါပေမဲ့၊Georgio လွတ်ပြီးတဲ့နောက်နှစ်လမှာ သမ္မတနဲ့ဆိုင်တဲ့ လွတ်ငြိမ်းချမ်းသာခွင့်အားဖြင့် သူလည်းထောင်ထဲကနေလွတ်လာခဲ့ပါတယ်။ တစ်နှစ်ပဲ သူထောင်ကျခဲ့ပါတယ်။

Georgio ဟာ ပိန်ခြုန်းပြီးဆံပင်ဖြူကာ အသက် ၆၀ အရွယ်ရှိတဲ့ အမျိုးသားတစ်ဦးဖြစ်ပါတယ်။ သူ့အကြောင်းကို သိချင်တယ်ဆိုရင် သူ့ကိုမေးဖို့ပါပဲ။ Georgioအနေ နဲ့ လူတွေဆီမှာ သူတို့ရဲ့ကိုယ်တိုင်သက်သေခံချက်တွေကို မေးချင်နေတာပါ။

"ဒီအတွေ့အကြုံအားဖြင့် လူတွေရဲ့ရာဇဝင်တွေကို ကြားချင်လို့ ကျွန်ုပ်တို့အိမ်မှာ သူတို့ကိုခေါ်ဖိတ်တာဖြစ်ပါတယ်။ လူတွေရဲ့မျက်နှာတွေနောက်ကွယ်မှာ ဘာရှိလဲဆိုတာ သင်မသိပါဘူး" ဆိုပြီး သူပြောခဲ့ပါတယ်။

ဒီကွာတာရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့ အလှူငွေတစ်ချို့အားဖြင့် အီတလီနိုင်ငံ၊ရောမနိုင်ငံနဲ့ အတွင်းပိုင်းဥရောပဒီဗီဇံတစ်ခွင်လုံးမှာ သခင်ယေရှု၌လွတ်လပ်မှုသတင်းကောင်းကို ဟောကြားသက်သေခံဖို့ ကူညီသွားမှာဖြစ်ပါတယ်။ သင်တို့ရဲ့ အလှူငွေအတွက် အထူးကျေးဇူးတင်ပါတယ်။

## "လော့(စ်)အိန်ဂျဲလ(စ်)နိုင်ငံကနေ ရောမနိုင်ငံသို့"

မေလ (၂၀)ရက်၊ တင်ပြသူ-Melanie
အီတလီနိုင်ငံ

(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကို တင်ပြခိုင်းရန်)

Melanie ဟာ လော့(စ်)အိန်ဂျဲလ(စ်)မြို့ကတက္ကသိုလ်တစ်ခုမှာ ဘွဲ့ရပြီးတဲ့နောက် လောင်းကစားလုပ်တဲ့မိန်းမတစ်ယောက်ဖြစ်ခဲ့ပါတယ်။ သူမအနေနဲ့ ခရီးသွားရတာကို ကြိုက်နှစ်သက်ပါတယ်။

အသက်၂၀သာရှိသေးတဲ့ သူမရဲ့မောင် Randy သေဆုံးကြောင်း၊သတင်းကြားတဲ့အချိန်မှာ သူမဟာ ရောမနိုင်ငံမှာ ရှိနေပါတယ်။ သူဟာ မိသားစုငါးယောက်ထဲမှာအသက်အငယ်ဆုံးဖြစ်ပြီး၊ သူနဲ့ Melanie ဟာ သိပ်ပြီးနီးကပ်ခဲ့ပါတယ်။ သူ့ခန္ဓာကိုယ်ကိုရေကူးကန်တစ်ခုထဲမှာ မနက်ငါးနာရီတွင် ပေါလောပေါ်နေတာကို တွေ့ရှိခဲ့ရပါတယ်။ဆေးဖက်ဆိုင်ရာစမ်းသပ်မှုအနေနဲ့ နှလုံးရောဂါကြောင့်ဖြစ်မယ်လို့ သံသယဖြစ်ခဲ့ပါ တယ်။ ခန္ဓာကိုယ်ပေါ်မှာ အနာတရကြီးကြီးကျယ်ကျယ်မရှိခဲ့ပါ။

Melaine ဟာ စိတ်နှလုံးကြေကွဲပြီး၊ Randy သေဆုံးတဲ့အကြောင်းအရင်းကိုရှာဖွေဖို့ လော့စ်အိန်းဂျဲလစ်ကနေ အိမ်သို့ပြန်လာခဲ့ပါတယ်။ သူ့အနေနဲ့ သေခြင်းအကြောင်းနဲ့၊ သူတို့သေပြီးတဲ့နောက် လူတွေဘာဖြစ်ကြသလဲဆိုတာ သူနားမလည်ခဲ့ပါ။ အသက်တာရဲ့ အဓိပ္ပါယ်အတွက် သူမ မေးခွန်းထုတ်ခဲ့ပါတယ်။

Melanie အနေနဲ့ စိတ်ဝေဒနာကနေလွတ်သွားအောင် လောင်းကစားပြန်လုပ်ခဲ့ပါတယ်။

အဲဒါနဲ့၊ သူ့ညီမတွေထဲက ရုပ်ရှင်မင်းသမီးဖြစ်ချင်တဲ့တစ်ယောက်က၊ သရုပ်ဆောင်မှုစာသင်ခန်းတွေမှာ သူ့ကို ခေါ်ဖိတ်ခဲ့ပါတယ်။ "အဲဒါဟာ၊ သင့်စိတ်ဝေဒနာကို ရင်ဆိုင်တွန်းလှန်ဖို့အတွက် ကောင်းတဲ့နည်းလမ်းတစ်လမ်း ဖြစ်ပါတယ်" ဆိုပြီး သူမ ပြောခဲ့ပါတယ်။

Melanie အနေနဲ့ သရုပ်ဆောင်အတန်းမှာ သင်ကြားပြီး သရုပ်ဆောင်ဖို့စလုပ်ခဲ့ပါတယ်။

အီတလီနိုင်ငံသားတစ်ဦးနဲ့ အိမ်ထောင်ကျပြီး အီတလီသို့ရွှေ့ပြောင်းနေထိုင်ခဲ့ပါတယ်။ နောက် နှစ်နှစ်ခွဲမှာသူတို့ခွဲခွာခဲ့ကြပြီး၊ Melanie အနေနဲ့ ရောမနိုင်ငံမှာသရုပ်ဆောင်လုပ်ငန်းကိုရှာဖွေရင်း လောင်းကစားပြန်လုပ်ခဲ့ပါတယ်။

ဒါပေမဲ့ သူမရဲ့လောင်းကစားအသက်တာမှာရှုံးနိမ့်မှုတွေသာခံစားခဲ့ရပါတယ်။

မနက်တိုင်း စိတ်အားငယ်ရင်း သူမနိုးထခဲ့ပါတယ်။ ဝိညာဉ်ပိုင်းဆိုင်ရာအင်အားတွေက ဒီကမ္ဘာမှာ အလုပ်လုပ်နေကြရဲ့လားဆိုတာ သူမ စဉ်းစားမိခဲ့ပါတယ်။ ဒီကမ္ဘာမှာ ဆိုးရွားမှုတွေအများကြီးတွေ့နေလို့ သူမအနေနဲ့ မှော်ပညာကို အပတ်တကုတ် ရှာဖွေခဲ့ပါတယ်။

တစ်နေ့မှာ၊ ဒံယေလနဲ့ သမ္မာကျမ်းစာဆိုင်ရာ အနာဂတ်အကြောင်း ယူကျူ့ကနေ တရားဟောချက်တစ်ခုကို ကြည့်ရှုနားထောင်မိခဲ့ပါတယ်။ လျှို့ဝှက်အကြံအစည်နဲ့တင်ပြခဲ့သူက အမှန်တရားဟောကြားနေသလားဆိုတာ တွေ့မြင်ဖို့ သူ့သမ္မာကျမ်းစာ အုပ်ကို ဖွင့်ခဲ့ပါတယ်။ သူမအနေနဲ့ ဗာဗုလုန်၊ မီဒို-ပါလ်းရှား၊ဂရိ နဲ့ရောမနိုင်ငံတို့ရဲ့သမိုင်းကို လိုက်လံရှာဖွေခဲ့ပါတယ်။ သူမ ကြည့်ရှုနားထောင်ခဲ့တဲ့ တရားဟောချက်တွေနဲ့ဘာမဆို ကိုက်ညီခဲ့ပါတယ်။

"ဘာမဆို မှန်တယ်" ဆိုပြီး ကိုယ့်ဘာသာကိုယ် တိုးတိုးပြောခဲ့ပါတယ်။ သူ့အသက်တာကို ယေရှုခရစ်တော်ထံ ဆက်ကပ်လိုက်ပါတယ်။ "ကျွန်မအနေနဲ့လောင်းကစားမှုတွေ၊ မူးယစ်ဆေးဝါးသုံးစွဲမှုတွေ၊အရက်သောက်မှုတွေနဲ့ မဖြစ်နိုင်တော့ပါ။ ဒီလိုပုံစံနဲ့ ကျွန်မအသက်ရှင်လို့မရတော့ပါ။ ပိုပြီးသေချင်မိပါတယ်။ ကျွန်မကိုယ်တိုင်နဲ့ ကျွန်မအသက်တာကို ကိုယ်တော်က အပြောင်းအလဲလုပ်ပေးရမယ်။ ကျွန်မ၊ဒီလိုပုံစံနဲ့ ဆက်နေလို့ လုံးဝမရတော့ဘူး" ဆိုပြီး ငိုရင်းနဲ့ဒူးထောက်ဆုတောင်းခဲ့ပါတယ်။

သူမအနေနဲ့ သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်မှ တင်ပြတဲ့ တရားတွေကို ဆက်ပြီးနားထောင်ခဲ့ပါတယ်။ တရားဟောချက်နဲ့ သူမသမ္မာကျမ်းစာကို သူမကနှိုင်းယှဉ်ခဲ့ပါတယ်။ သူမက သမ္မာကျမ်းစာကို သစ္စာရှိရှိဖတ်ရှုလေ့လာခဲ့ပါတယ်။ သူ့အိမ်မှာ သတ္တမနေ့ဥပုသ်ကိုစပြီး စောင့်ထိန်းခဲ့ပါတယ်။

နောက်၂နှစ်ကျတော့၊ ဥပုသ်တော်နေ့မှာ ဘုရားကျောင်းသွားရမယ်လို့ သူမခံစားခဲ့ရပါတယ်။ ဘုရားကျောင်းမှာ သူမ ပထမဆုံးတွေ့တဲ့ အသက်ကြီးတဲ့အသင်းသား တစ်ဦးဆီမှာ သူမအနေနဲ့ ရေနှစ်ခြင်းခံလိုကြောင်း ပြောပြခဲ့ပါတယ်။

"ဟိုင်း၊ ကျွန်မ ရေနှစ်ခြင်းခံချင်တယ်" ဆိုပြီး သူမ ပြောခဲ့ပါတယ်။ အသက်ကြီးတဲ့ အသင်းသားကအံ့သြခဲ့ပါတယ်။ "ဘာပြောနေတာလဲ" ဆိုပြီးပြန်ပြောခဲ့ပါတယ်။

ကျွန်မက သမ္မာကျမ်းစာကို ၂နှစ်လုံးလုံးလေ့လာခဲ့ပြီးပြီ။ ကျမ်းစာသွန်သင်တဲ့ အတိုင်း လိုက်လျှောက်ခဲ့ပြီး ရေနှစ်ခြင်းခံဖို့ ကျွန်မအဆင်သင့်ပါ" ဆိုပြီး သူမ ပြောခဲ့ပါတယ်။

ဒါပေမဲ့၊ ရေနှစ်ခြင်းခံပြီးတဲ့နောက်မှာ Melanie ရဲ့အသက်တာဟာ ညတွင်းချင်းမပြောင်းလဲခဲ့သေးပါ။ သူမအနေနဲ့ အသက်တာဟောင်းပုံစံအတိုင်း အသက်ရှင်ခဲ့

ပါသေးတယ်။ ဒါပေမဲ့၊ သူမကြိုက်နှစ်သက်တဲ့အရာတွေဟာ ငြီးငွေ့စရာကောင်းခဲ့ပါတယ်။ တစ်ခါတုန်းက ငြီးငွေ့စရာကောင်းတယ်လို့ သူမ စဉ်းစားခဲ့တဲ့အရာတွေဟာ ကြိုက်နှစ်သက်စရာဖြစ်လာခဲ့ပါတယ်။ သူမအနေနဲ့သန့်ရှင်းစေမှု တိုးတက်မှုကို ကြုံတွေ့ခဲ့ရပါတယ်။သန့်ရှင်းသောဝိညာဉ်တော်ဟာသူမအထဲမှာ ရှင်သန်=ကြီးပွားနေခဲ့ပါတယ်။

"သန့်ရှင်းသော ဝိညာဉ်တော်က ကျွန်မအထဲမှာ အလုပ်လုပ်နေပါတယ်" ဆိုပြီး သူမ ပြောခဲ့ပါတယ်။

ယနေ့မှာ၊ Melanie အနေနဲ့ သေဆုံးမှုဟာ အပြစ်ရဲ့အခ(ရောမ ၆း၂၃)ဖြစ်တယ်ဆိုတာ သိမြင်ပါတယ်။ လူတွေသေဆုံးတဲ့အခါသခင်ယေရှုဒုတိယအကြိမ်ကြွဆင်းလာတဲ့အထိ (၁သက် ၄း၅-၁၇)သင်္ချိုင်းမှာ အိပ်ပျော်နေမယ်ဆိုတာ သူမ သိရှိပါတယ်။ သူမအနေနဲ့ အသက်တာရဲ့အဓိပ္ပါယ်ကိုရှာဖွေတွေ့ရှိခဲ့ပြီး၊သခင်ယေရှုအပေါ်သူ့ချစ်ခြင်းမေတ္တာနဲ့ မကြာခင် သူကြွဆင်းလာမယ့်သတင်းကောင်းကို ဝေငှသက်သေခံဖို့ သူမဆန္ဒပြင်းပြခဲ့ပါတယ်။ ဒံယေလ ၁၂း၃ မှာ၊"ပညာရှိသောသူတို့သည်လည်း ကောင်းကင်မျက်နှာကြက်၏ အရောင်အဝါကဲ့သို့၄င်း၊ လူအများတို့ကို ဖြောင့်မတ်ခြင်းတရားလမ်းထဲသို့သွင်းသောသူတို့သည်လည်း၊ ကြယ်များကဲ့သို့၄င်း အစဉ်အမြဲ ထွန်းလင်းကြလိမ့်မည်"ဆိုပြီး ပြောထားပါတယ်။

Melanie အနေနဲ့ အသင်းတော်ရဲ့ ဝေစာတွေနဲ့ ကျန်းမာရေးစာစောင်တွေကို ရောမနိုင်ငံက မှန်လုံကားထိုင်ခုံတွေပေါ်နဲ့ စားသောက်ဆိုင်တွေမှာ ချန်ထားခဲ့ပါတယ်။ အသင်းတော်နဲ့ ရေဒီယိုအသံအစီအစဉ်ကဒ်တွေကို အားကစားရုံတွေမှာ သူမက ချန်ထားခဲ့ပါတယ်။ သူမအနေနဲ့ သခင်ယေရှုနဲ့တွေ့ဆုံဖို့အပြင် သူ့မောင် Randy နဲ့လည်း ပြန်ဆုံတွေ့ဖို့ စောင့်မျှော်ခဲ့ပါတယ်။

"ကျွန်မမျှော်လင့်တောင့်တတဲ့အရာကတော့ Randy နဲ့ပြန်ဆုံတွေ့ဖို့ဖြစ်ပါတယ်" ဆိုပြီး သူမ ပြောပါတယ်။

ဒီဒုတိယကွာတာရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့ အလှူငွေတစ်ချို့အားဖြင့် အီတလီနိုင်ငံရဲ့အတွင်းပိုင်း ဥရောပဒီဗီဇံတစ်ခွင်လုံးမှာသခင်ယေရှုပြန်ကြွဆင်းလာတော့မဲ့သတင်းကောင်းကို ဟောကြားသက်သေခံဖို့ ကူညီသွားမှာဖြစ်ပါတယ်။ သင်တို့ရဲ့ ရက်ရောစွာဖြင့်လှူဒါန်းမယ့် အလှူငွေအတွက် အထူးကျေးဇူးတင်ပါတယ်။

-ဝ-

# "ရေဒီယိုတစ်လုံးနဲ့ ထောင်တွင်းအတူနေဖက်"

မေလ (၂၇) ရက်၊ တင်ပြသူ-Ana
ပေါ်တူဂီနိုင်ငံ

(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကို တင်ပြခိုင်းရန်)

ပေါ်တူဂီနိုင်ငံက ထောင်ထဲမှာ တစ်စုံတစ်ဦးအနေနဲ့ Paulo ကို ရေဒီယိုတစ်လုံးပေးခဲ့ပါတယ်။ အဲဒီရေဒီယိုဟာ သိပ္ပံပညာရှင်ဖြစ်တဲ့ Paulo အတွက် ကိုယ့်ဟာကိုစိတ်အာရုံလွှဲပြောင်းစေတဲ့ အရာတစ်ခုဖြစ်ပါတယ်။ သူ့အနေနဲ့ ရေဒီယိုလိုင်းတွေလိုက်ရှာဖွေခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်၊ သူနားထောင်လို့ရတဲ့ ရေဒီယိုလိုင်းက မြော်လင့်ခြင်းအသင်းတော်က ရေဒီယိုလိုင်းပဲဖြစ်ပါတယ်။ Paulo အနေနဲ့ ပြတင်းပေါက်ဖွင့်ကာ ရေဒီယိုလိုင်းဖမ်းလို့ရအောင်နေရာရှာပြီး၊ မြော်လင့်ခြင်းအသင်းတော်ရဲ့ ရေဒီယိုအစီအစဉ်ကိုနားထောင်ခဲ့ပါတယ်။

တစ်နေ့မှာ၊ တစ်စုံတစ်ဦးက ရေဒီယိုလိုင်းကနေ အယ်လင်ဂျီဝှိုက်ရေးတဲ့ မဟာတိုက်လှန်ပွဲ စာအုပ်ကို လိုချင်တဲ့သူတွေအတွက် လက်ဆောင်ပေးမှာဖြစ်ကြောင်း ကမ်းလှမ်းခဲ့ပါတယ်။ Paulo ကလည်း အဲဒီစာအုပ်ကို တောင်းဆိုလိုက်တော့ စာတိုက်ကတစ်ဆင့် လက်ခံရရှိခဲ့ပါတယ်။

အဲဒီထောင်ထဲမှာ ခေတ္တခဏနေပြီးတော့ Paulo ကို တစ်ခြားထောင်သို့လွှဲပြောင်းခဲ့ပါတယ်။သူ့ကိုလွှဲပြောင်းပို့ဆောင်ခဲ့တဲ့ထောင်ဟာ သူမျှော်လင့်တဲ့နေရာမဟုတ်လို့ မပျော်ရွှင်ခဲ့ပါ။ ဘယ်လိုပဲဖြစ်ဖြစ် အကျဉ်းထောင်အသစ်ဟာ မြော်လင့်ခြင်းရေဒီယို ဌာနနဲ့ပိုပြီး နီးကပ်လို့ ပိုကောင်းတဲ့ ရေဒီယိုလိုင်းကို သူဖမ်းလို့ရခဲ့ပါတယ်။

Paulo အနေနဲ့ ရေဒီယိုဌာနညွှန်ကြားရေးမှူးဆီသို့ စာတစ်စောင်ပို့ခဲ့ပါတယ်။ အကျဉ်းထောင်မှာ သူထောင်ကျတဲ့အကြောင်းရင်းကို သူစာရေးခဲ့ပါတယ်။ ရေဒီယိုဌာနကလွှင့်တဲ့ အစီအစဉ်တွေကို သူနားထောင်နေတဲ့အကြောင်း သူပြောပြခဲ့ပါတယ်။

"နေ့တိုင်းကြားနေရတဲ့ သတင်းစကားတွေကြောင့် ကျွန်တော့အသက်တာ ပြောင်းလဲနေပါပြီ" ဆိုပြီး သူစာရေးခဲ့ပါတယ်။

ရေဒီယိုအသံလွှင့်ဌာနညွှန်ကြားရေးမှူးအနေနဲ့၊ Paulo ဟာ အရင်အကျဉ်းထောင်ထဲကနေ ရေဒီယိုလိုင်းဖမ်းလို့ရပြီးတော့ နားထောင်လို့ရတာ အံ့သြခဲ့မိပါတယ်။ ညွှန်ကြားရေးမှူးအနေနဲ့ အကျဉ်းထောင်နားမှာ နေထိုင်ခဲ့ပြီး ရေဒီယိုလိုင်း တစ်ခါမှ မဖမ်းနိုင်ခဲ့ပါ။

ကိုဗစ် ၁၉ ကပ်ဘေးရောဂါစဖြစ်တဲ့အခါ၊ ရေဒီယိုဌာနကနေ ဥပုသ်နေ့ဝတ်ပြုခြင်းအစီအစဉ်ကို ရေဒီယိုအစီအစဉ်မှာ ထပ်ဖြည့်စွက်ခဲ့ပြီး၊ Paulo လည်းတရားဟော

ချက်တွေကို နားထောင်ခဲ့ပါတယ်။ တရားဟောချက်တစ်ချက်မှာ တရားဟောဆရာက ကျမ်းစာသင်ချင်တဲ့သူတွေကို နာမည်စာရင်းပေးဖို့ ခေါ်ဖိတ်ခဲ့ပါတယ်။ Paulo လည်း နာမည်စာရင်းပေးခဲ့ပါတယ်။ သူက အသင်းတော်ရဲ့ စေတနာ့ဝန်ထမ်းတစ်ဦးဖြစ်တဲ့ Ana နဲ့ စာတိုက်ကနေတစ်ဆင့် သမ္မာကျမ်းစာလေ့လာခဲ့ပါတယ်။

သူဟာ သိပ္ပံပညာရှင်ဖြစ်သလို့ စူးစမ်းလေ့လာချင်တဲ့ကျောင်းသားဖြစ်တဲ့အတွက် မေးခွန်းတွေမေးခဲ့ပါတယ်။ သူသမ္မာကျမ်းစာလေ့လာပြီးတဲ့အခါ၊ ရေနှစ်ခြင်းခံဖို့ သူတောင်းဆိုခဲ့ပါတယ်။ ကိုဗစ် ကန့်သတ်ထားမှုတွေနဲ့ အဆင့်ဆင့်အုပ်ချုပ်တဲ့စနစ်က သူ့တောင်းဆိုမှုအတွက် လမ်းပိတ်ခဲ့ပါတယ်။

အဲဒီနောက်မှာ သူ့အနေနဲ့ ဗျာဒိတ်ကျမ်းစာအုပ်ကို Ana နဲ့အတူ လေ့လာခဲ့ပါတယ်။ ဗျာဒိတ်ကျမ်းလေ့လာပြီးတဲ့အခါ အယ်လင်ဂျီဝှိုက်ရဲ့ ရေးသားချက်တွေကို သမ္မာကျမ်းစာနဲ့ နှိုင်းယှဉ်ပြီး လေ့လာခဲ့ကြပါတယ်။

"သူ့အနေနဲ့ သမ္မာကျမ်းစာလေ့လာဖို့အတွက် တန်ဆာပလာရှိပြီး၊ သူ့ဟာသူ လေ့လာတတ်ဖို့ ကျွန်မဖြစ်စေချင်ပါတယ်" ဆိုပြီး Ana ကပြောခဲ့ပါတယ်။

Paulo အနေနဲ့ တစ်ခြားထောင်တွင်းအဖော်တွေဆီမှာ သမ္မာကျမ်းစာသင်ပေးဖို့ Ana ထံတောင်းဆိုခဲ့ပါတယ်။Ana အနေနဲ့ အတူနေတဲ့သူတွေကျမ်းစာသင်ခွင့်ရလို့ ဝမ်းသာခဲ့ပါတယ်။ ဒါပေမဲ့၊ သူမအနေနဲ့သမ္မာကျမ်းစာသင်ပေးတဲ့အခါ Paulo ကို ပါဝင်စေချင်ခဲ့ပါတယ်။ ဒါကြောင့်မို့၊ သူက ထောင်ထဲကအဖော်တွေကို သမ္မာကျမ်းစာသင်ပေးဖို့ သူမအနေနဲ့ အားပေးတိုက်တွန်းနေပါတယ်။

"ကျွန်မတို့ကိုယ်တိုင်ကိုယ်ကျ မရောက်နိုင်တဲ့နေရာမှာ သူဟာ အသုံးခံဖြစ်စေချင်ပါတယ်" ဆိုပြီး သူမက ပြောခဲ့ပါတယ်။

ပေါ်တူဂီနိုင်ငံက အကျဉ်းထောင်တွေမှာ မြော်လင့်ခြင်းအသင်းသားတွေ ထိုးဖောက်ဝင်ရောက်နိုင်ဖို့ အရမ်းအရမ်းခက်ခဲလှပါတယ်။

Paulo အနေနဲ့ သခင်ယေရှုအကြောင်းကို သွန်သင်ဖို့သမ္မာကျမ်းစာကိုသေချာမသိရှိသေးတဲ့အတွက် စိတ်ပူနေမိပါတယ်။ နောက်ပြီးတော့၊ သူဟာ ထောင်ထဲမှာရှိနေတဲ့အတွက် တစ်ခြားလူတွေကို သမ္မာကျမ်းစာသင်ပေးဖို့ သတ္တိမရှိလို့ သူစိတ်ပူနေမိပါ တယ်။

ဒါပေမဲ့၊Ana က သူ့ကိုဆက်ပြီး အားပေးတိုက်တွန်းခဲ့လို့ ပိုပြီးစိတ်ချမ်းသာခဲ့ပါတယ်။ သူ့အနေနဲ့ ထောင်တွင်းအတူနေဖက်တစ်ဦးနဲ့အတူ သမ္မာကျမ်းစာလေ့လာခဲ့ပါတယ်။ ပြီးတော့ တစ်ခြားလူနှစ်ယောက် ဒါမှမဟုတ် သုံးယောက်နဲ့အတူ သခင်ယေရှုအကြောင်းပုံမှန် ဆွေးနွေးခဲ့ပါတယ်။ သူ့ရဲ့စိတ်ပညာကျွမ်းကျင်သူကိုလည်း သခင်ယေရှုအကြောင်း သူပြောပြခဲ့ပါတယ်။

ပေါ်တူဂီနိုင်ငံမှာ၊ အတူနေတဲ့အဖေါ်တွေဟာ ကျွမ်းကျင်သူတွေရဲ့ဆွေးနွေး လမ်းညွှန်မှုကိုခံယူဖို့ လိုအပ်ပါတယ်။ Paulo ရဲ့ စိတ်ပညာကျွမ်းကျင်သူဟာ ဘုရားတရားမယုံကြည်သူ ဖြစ်နေပါတယ်။ Paulo အနေနဲ့ စိတ်ပညာကျွမ်းကျင်သူဆီမှာ သခင်ယေရှုအကြောင်းပြောပြလိုက်တော့၊ သူကလည်း "သိပ္ပံပညာရှင်တစ်ဦးအနေနဲ့ သိပ္ပံပညာက သက်သေပြလို့မရတဲ့ တစ်စုံတစ်ရာကို သင်ဘယ်လိုယုံကြည်ပါသလဲ။ ဘာမဆိုသင်ယုံကြည်တာဟာ ဒဏ္ဍာရီပုံပြင်ပဲ" ဆိုပြီး၊ ပြန်ပြောခဲ့ပါတယ်။

ကျွမ်းကျင်သူရဲ့ဆွေးနွေးလမ်းညွှန်မှုဟာ ယုံကြည်ခြင်းအကြောင်း စကားပြောဆိုမှုဖြစ်လာခဲ့ပါတယ်။ Paulo အနေနဲ့ သန့်ရှင်းသောဝိညာဉ်တော်ကလမ်းပြနေတယ်လို့ ခံစားခဲ့ရပါတယ်။ သူလေ့လာထားတဲ့အရာတွေကိုသူပြောပြပေမဲ့၊သူ့စိတ်ထဲကပေါ်ထွက်လာတဲ့အတိုင်း ပြောဖို့တော့သူမစီစဉ်ခဲ့ပါ။ သူတို့ရဲ့ဆွေးနွေးပွဲတစ်ခုမှာ၊ မဟာတိုက်လှန်ပွဲစာအုပ်ကို ဖတ်ရှုလေ့လာဖို့ စိတ်ပညာကျွမ်းကျင်သူကို သူစိန်ခေါ်လိုက်ပါတယ်။ စိတ်ပညာကျွမ်းကျင်သူကလည်းသဘောတူပြီး Pauloအနေနဲသူ့စာအုပ်ကိုပေးလိုက်ပါတယ်။စိတ်ပညာကျွမ်းကျင်သူလည်း ဖတ်ရှုလေ့လာနေပါတယ်။

Paulo အနေနဲ့ Ana ဆီမှာ ထောင်တွင်းအသက်တာဟာ ခက်ခဲတဲ့အကြောင်း စာရေးခဲ့ပါတယ်။ သူ့အနေနဲ့သူ့အစားအစာကို ပြောင်းလဲချင်ပြီး ရေနွေးစိမ်ခြင်းခံချင်ပါတယ်။ ဒါပေမဲ့၊ ထောင်တွင်းအကန့်အသတ်တွေကြောင့် ဘာမဆိုရှုပ်ထွေးပွေလီနေခဲ့ပါတယ်။ ဒါပေမဲ့ ထောင်ထဲမှာ ရှိနေရတာကို သူကျေးဇူးတင်ခဲ့ပါတယ်။

"သခင်ယေရှုနဲ့ ပိုပြီးရင်းနှီးချစ်ခင်ဖို့ ဘုရားသခင်ကလမ်းပြပို့ဆောင်နေတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အတိတ်ကအဖြစ်ပျက်တွေဟာ ကျွန်တော့အသက်တာကိုပြောင်းလဲစေဖို့ သခင်ဘုရားရဲ့လမ်းပြပို့ဆောင်မှုဖြစ်တယ်ဆိုတာ ကျွန်တော်သဘောပေါက်ပါတယ်" ဆိုပြီး သူစာရေးခဲ့ပါတယ်။

သူ့ရဲ့ဆိုးဝါးတဲ့ဆုံးဖြတ်ချက်ကြောင့် Paulo ဟာ ထောင်ကျတာဖြစ်တယ်လို့ Ana ကပြောပါတယ်။ သူဟာအပြစ်ကင်းတာတော့ မဟုတ်ပါဘူး။

"ကျွန်မတို့ မဝင်ရောက်နိုင်တဲ့နေရာမှာ သခင်ဘုရားရဲ့တန်ဆာပလာဖြစ်ဖို့ သူ့ကို သခင်ဘုရားကခေါ်တာဖြစ်မယ်လို့ ကျွန်မယုံကြည်ပါတယ်။ သူ့အနေနဲ့ဝိညာဉ်ရိတ်သိမ်းတာမရှိပေမဲ့၊ အဲဒီနေရာမှာ သူဟာ သာသနာပြုသူတစ်ဦးဖြစ်တယ်လို့ ကျွန်မယုံကြည်ပါတယ်" ဆိုပြီး သူမ ပြောခဲ့ပါတယ်။

ပေါ်တူဂီနိုင်ငံမှာ အကျဉ်းသားတွေအတွက် သမ္မာကျမ်းစာလေ့လာမှုအပါအဝင်၊ ပညာရေးဟာ သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်အနေနဲ့ သခင်ယေရှုပြန်ကြွဆင်းလာမယ့် သတင်းကောင်းကိုဝေငှသက်သေခံဖို့အတွက် အဓိကနည်းလမ်းတစ်လမ်းဖြစ်ပါတယ်။

ဒီဒုတိယကွာတာရဲ့ ၁၃ ပတ် အလှူငွေတစ်ချို့ကို ပေါ်တူဂီနိုင်ငံ Setubal

မြို့မှာ အလယ်တန်းကျောင်းတစ်ကျောင်းဖွင့်လှစ်ဖို့နဲ့ မြော်လင့်ခြင်းပညာရေးကိုတိုးချဲ့ရာမှာ ပံ့ပိုးကူညီသွားမှာဖြစ်ပါတယ်။ သင်တို့ရဲ့ ရက်ရောစွာလှူဒါန်းမယ့် အလှူငွေအတွက် အထူးကျေးဇူးတင်ပါတယ်။

-၀-

# “အရက်စွဲမှု ထောင်ချောက်ထဲ အဖမ်းခံမိခဲ့ပြီ”

ဇွန်လ (၃)ရက်၊ တင်ပြသူ-Gabriel
ပေါ်တူဂီနိုင်ငံ

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

“ဂါဘရယ်” အနေနဲ့ အရက်တအားသောက်ချင်ခဲ့ပါတယ်။ အရက်အရမ်းသောက်လို့အရက်မူးသမားဖြစ်လာတဲ့အတွက်သူ့ဇနီးLuisaကစိတ်ပူခဲ့ပါတယ်။ သူအရက်မသောက်ဖို့ သူမ ဆုတောင်းခဲ့ပါတယ်။ သူမအနေနဲ့အရက်သမားဖြစ်ဖို့အန္တရာယ်ကနေ သူ့ခင်ပွန်းနဲ့သားငယ် ဂျော့ရှ် အတွက် ကာကွယ်ပေးချင်ခဲ့ပါတယ်။

ပြီးတော့၊ သူတို့နေထိုင်တဲ့ ပေါ်တူဂီနိုင်ငံ၊Madeira ကျွန်းပေါ်မှာ ဖြစ်ရိုးဖြစ်စဉ်မဟုတ်တဲ့အဖြစ်အပျက်တွေ ဖြစ်ပျက်ခဲ့ပါတယ်။

“ဂျော့ရှ်” ဟာ အသက်၄နှစ်ရှိပြီး မူကြိုကျောင်းတက်ရမှာဖြစ်ပါတယ်။ ဒါပေမဲ့၊ နောက်ပိုင်းမှာ အစိုးရမူကြိုကျောင်းကို သူလုံးဝမသွားချင်တော့ပါ။

သူအိမ်ပြန်ရောက်တဲ့အခါ၊ “ဟိုးဟိုးဟိုး” ဆိုပြီး ငိုကြွေးခဲ့ပါတယ်။ မကြာခင်မှာ၊ ကျွန်းပေါ်က အကြီးဆုံးမြို့ဖြစ်တဲ့ Funchal သို့ တစ်စုံတရာပို့ဖို့ သူတို့မိသားစုသုံးယောက်ခရီးထွက်ခဲ့ကြပါတယ်။ သူတို့စီးပွားရေးလုပ်ငန်းအတွက်ခရီးထွက်ရင်း၊ ခြံစည်းရိုးနဲ့ကာရံထားပြီး သံနဲ့ပြုလုပ်တဲ့ခြံဝင်းတံခါးဖြင့် ဝိုင်းရံသောဆွဲဆောင်မှုရှိတဲ့ ကျောင်းတစ်ကျောင်းကို သတိထားမိခဲ့ပါတယ်။ Luisa က ဂါဘရယ်ဆီမှာ “ကြည့်ဦး၊ ဂျော့ရှ် ကိုသူတို့လက်ခံမလားဆိုတာ စုံစမ်းကြရအောင်” ဆိုပြီး သူမပြောခဲ့ပါတယ်။ သူတို့သုံးယောက်စလုံးဖွင့်ထားတဲ့ ခြံဝင်းတံခါးမှ လမ်းလျှောက်လာခဲ့ကြပါတယ်။ ဂျော့ရှ် အနေနဲ့၊ကျောင်းရဲ့မြေကြီးပေါ် ခြေတစ်လှမ်းလှမ်းပြီးတာနဲ့ တစ်ခဏအတွင်းမှာပဲ၊ “ဒီကျောင်းကို ကျွန်တော်သဘောကျတယ်” ဆိုပြီး ကြွေးကြော်ခဲ့ ပါတယ်။

ပြီးတော့ တစ်ခြားကလေးတွေ ကစားကွင်းထဲမှာကစားနေကြတာကိုသူတွေ့မြင်ခဲ့ပါသေးတယ်။ “တစ်ခြားကျောင်းမှာ ကျွန်တော်မသွားချင်ဘူး” ဆိုပြီးသူပြောခဲ့ပါတယ်။

ဒါကြောင့်မို့ ဂျော့ရှ်ဟာ မြော်လင့်ခြင်းအသင်းတော်ကျောင်းရဲ့ ကျောင်းသားဖြစ်လာခဲ့ပါတယ်။ ကျောင်းစတက်တက်တဲ့နေ့ကစပြီး အိမ်ပြန်လာတိုင်းတစ်ခါမှ သူမငိုတော့ပါ။

သူတို့သား ဂျော့ရှ် ကတစ်ခါမှ အရက်မသောက်တော့လို့ Luisa နဲ့ ဂါဘရယ်

တို့ဟာ စိတ်ချမ်းသာခဲ့ကြပါတယ်။

Luisa အနေနဲ့ အရက်မသောက်တော့ဖို့ ဂါဘရယ် အတွက်ဆက်ပြီးဆုတောင်းနေခဲ့ပါတယ်။

တစ်ချို့အချိန်ကာလတွေ လွန်သွားပြီးတဲ့နောက်မှာ၊ကျောင်းဆရာတစ်ဦးက ကျောင်းဆောင်ရဲ့ဒုတိယထပ်မှာ ဗုဒ္ဓဟူးနေ့ဆုတောင်းစည်းဝေးတက်ရောက်ဖို့ Luisa ကိုခေါ်ဖိတ်ခဲ့ပါတယ်။ ဂျော့ရှ်နဲ့Luisa တို့သွားတက်တော့၊ အရမ်းကြိုက်နှစ်သက်ခဲ့ပါတယ်။ ကမ္ဘာမြေကြီးပေါ်ကနေ ကောင်းကင်ရောက်သွားသလို သူမ ခံစားခဲ့ရပါတယ်။ သူမနဲ့ဂျော့ရှ် တို့ဟာ ဗုဒ္ဓဟူးနေ့တိုင်း ဆုတောင်းစည်းဝေးသွားတက်ခဲ့ပါတယ်။

ဂါဘရယ် အနေနဲ့လည်း ဆုတောင်းစည်းဝေးမှာ သူတို့နဲ့အတူလိုက်သွားခဲ့ပါတယ်။ အဲဒီလိုသွားလာရင်းနဲ့ အရက်မသောက်ချင်တော့ပါ။ သူ့အနေနဲ့ငြိမ်သက်မှုလိုချင်ခဲ့ပြီး အတိတ်နောက်ကြောင်းကို စွန့်လွှတ်ဖို့ တောင့်တခဲ့ပါတယ်။ ဒါပေမဲ့၊ ထောင်ချောက်ထဲ အဖမ်းခံခဲ့ရပြီလို့ သူခံစားခဲ့ရပါတယ်။

တစ်နေ့မှာ၊ အသင်းသားတွေက ဂါဘရယ် နဲ့သူ့မိသားစုကို ပျော်ပွဲစားပွဲသို့ ခေါ်ဖိတ်ခဲ့ပါတယ်။ ဂါဘရယ် အနေနဲ့ သူ့အသက်တာတစ်လျှောက်လုံးမှာ ပထမအကြိမ်အရက်မပါတဲ့ ကျန်းမာရေးနဲ့ကိုက်ညီသော အစားအစာစားခဲ့ရပါတယ်။ အဲဒီလိုမျိုးအစားအစာကို သူတစ်ခါမှ မစားခဲ့ဖူးပါ။ သူ့အနေနဲ့ အစာကိုနှစ်သက်ပြီး ဒီအစားအစာမျိုးစားတာဟာကောင်းတဲ့အကျင့်ဖြစ်မယ်လို့ သူခံစားခဲ့ရပါတယ်။

ဂါဘရယ် နဲ့ Luisa တို့ဟာ သမ္မာကျမ်းစာလေ့လာဖို့ အဖွဲ့ငယ်တစ်ခုမှာ ပါဝင်ခဲ့ပါတယ်။ ဂါဘရယ် အနေနဲ့သမ္မာကျမ်းစာသင်ကြားလေ့လာရင်း သူ့ရဲ့အရက်သောက်ချင်တဲ့ဆန္ဒ ပျောက်သွားလို့ သူအံ့သြခဲ့ပါတယ်။ အရက်မသောက်တဲ့လူတွေက သူ့ကိုဝိုင်းရံခဲ့ကြပါတယ်။ အရက်သမားတွေဝိုင်းရံတဲ့ သူအလုပ်လုပ်တဲ့နေရာနဲ့ လုံးဝမတူပါ။

"သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသော ဝိညာဉ်တော်တည်းဟူသော၊ သင်တို့အထဲ၌ကျိန်းဝပ်၍ သန့်ရှင်းသောဝိညာဉ်တော်၏ ဗိမာန်ဖြစ်ကြောင်းကိုငှင်း၊ မိမိတို့ကိုယ်မိမိတို့မပိုင်ကြောင်းကိုငှင်း၊ မသိကြသလော" (၁ကော ၆း၁၉)ဆိုပြီး သူဖတ်တဲ့အခါ သူ့နှလုံးသားကို တွေ့ထိခဲ့ပါတယ်။ အရက်မသောက်တဲ့လူတွေနဲ့ပိုပြီး ပေါင်းဖော်ရင်းနဲ့ သူ့မှာအရက်သောက်ချင်တဲ့ဆန္ဒ လုံးဝမရှိတော့ပါ။

သူအရက်မသောက်တော့လို့ Luisa ဟာ အရမ်းပျော်ခဲ့ပါတယ်။ သူ့ဆုတောင်းချက်ကို သခင်ဘုရားက နားညောင်းခဲ့ပါတယ်။

ဂါဘရယ် နဲ့ Luisa တို့က သူတို့ရဲ့နှလုံးသားကို သခင်ယေရှုထံမှာဆက်ကပ်ခဲ့ကြပြီး၊ ရေနှစ်ခြင်းခံခဲ့ကြပါတယ်။ ဂျော့ရှ် လည်းအသက် ၁၂နှစ်ရှိပြီဖြစ်လို့ သူ့နှလုံးသား

ကို သခင်ယေရှုထံမှာဆက်ကပ်ပြီး ရေနှစ်ခြင်းခံခဲ့ပါတယ်။ ယနေ့၊ ဂါဘရယ် ဟာအသင်းလူကြီးဖြစ်ပြီးတော့၊ Luisa ဟာ ကလေးဌာနမှာ ကူညီပေးတဲ့ အသင်းထောက်မယ်တစ်ဦးဖြစ်ပါတယ်။

ယနေ့ထက်ထိတိုင်၊ ဂါဘရယ် နဲ့Luisa တို့က ဂျော့်ရှ် ဟာဘာဖြစ်လို့ အစိုးရ မူကြိုကျောင်းမှာ ငိုကြွေးခဲ့ပြီး၊ မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာ ပျော်ရသလဲဆို တာ နားမလည်နိုင်ကြပါ။ ဒါပေမဲ့၊ သေချာတာတစ်ခုတော့ရှိပါတယ်။ ဂျော့်ရှ် ဟာမြော် လင့်ခြင်းအသင်းတော်ကျောင်းမှာ ကျောင်းတက်လို့ သူတို့မိသားစုရဲ့အသက်တာဟာ လုံးဝပြောင်းလဲသွားခဲ့ပါတယ်။

"ဒီအသင်းတော်အကြောင်း စောစောသိရင် သိပ်ကောင်းမှာပဲ။ ကျွန်တော်နဲ့ ကျွန်တော့မိသားစုအတွက် တကယ်ကြီးမားတဲ့ကောင်းကြီးမင်္ဂလာဖြစ်တယ်ဆိုတာ သက်သေပြခဲ့ပါတယ်" ဆိုပြီး ဂါဘရယ် ကပြောပါတယ်။

ပေါ်တူဂီနိုင်ငံမှာ ပညာရေးဟာ သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်အနေ နဲ့ သခင်ယေရှုအမြန်ကြွဆင်းလာမယ့် သတင်းကောင်းကို ဝေငှသက်သေခံဖို့အတွက် အဓိက နည်းလမ်းတစ်လမ်းဖြစ်ပါတယ်။

ဒီဒုတိယကွာတာရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့ အလှူငွေတစ်ချို့အားဖြင့် ပေါ်တူဂီနိုင်ငံ၊ Setubal မြို့မှာ အလယ်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ခြင်းအားဖြင့်မြော်လင့်ခြင်းပညာရေးတိုးချဲ့ဖို့ ကူညီထောက်ပံ့သွားမှာဖြစ်ပါ တယ်။ သင်တို့ရဲ့ ရက်ရောစွာလှူဒါန်းမယ့် အလှူငွေအတွက် အထူးကျေးဇူး တင်ပါတယ်။

-ဝ-

# "ရေနစ်ခြင်းမင်္ဂလာ ပြန်ခံခဲ့တယ်"

ဇွန်လ (၁၀)ရက်၊ တင်ပြသူ-Salome
ပေါ်တူဂီနိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကို တင်ပြခိုင်းရန်)

"စလိုးမီ" ဟာ ကလေးဘဝတုန်းက နှစ်ခြင်းခံခဲ့ပေမဲ့၊ သူ့မိဘတွေရဲ့အသင်းတော်ယုံကြည်ချက်ကို သူမ မလိုက်လျှောက်နိုင်ခဲ့ပါ။ အသင်းတော်ရဲ့သွန်သင်ချက်တွေကို သူမ လက်မခံနိုင်ခဲ့ပါ။

"စလိုးမီ" ဟာ ကြီးပြင်းလာတဲ့အခါ ဘုရားကျောင်းမသွားတော့ပါ။ အသင်းတော်နဲ့ သူမ လုံးဝမပတ်သက်ချင်တော့ပါ။ ဒါပေမဲ့၊ သူမအနေနဲ့ဘုရားကိုယုံကြည်ပြီး သူ့လမ်းပြပို့ဆောင်မှုအတွက် သူမ ဆုတောင်းခဲ့ပါတယ်။

"စလိုးမီ" အနေနဲ့ ပေါ်တူဂီနိုင်ငံ၊ Madeira ကျွန်းပေါ်က မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာ ကျောင်းတက်နေတဲ့ ၄ နှစ်အရွယ်သူ့မြေးလေး ဂျော့ရှ် အကြောင်းကို အများကြီး စဉ်းစားခဲ့ပါတယ်။ အဲဒီကျွန်းဟာ တောင်ပိုင်းပေါ်တူဂီနိုင်ငံနဲ့ အာဖရိကအနောက်ပိုင်း ပင်လယ်ကမ်းရိုးတန်းကြားမှာ တည်ရှိပါတယ်။

မိသားစုအနေနဲ့ မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာ ဂျော့ရှ် ကိုကျောင်းထားဖို့မစီစဉ်ခဲ့ပါဘူး။ သူ့အမေက သူ့ကိုရက်ပေါင်းများစွာ အစိုးရမူလတန်းကျောင်းမှာ ကြိုပို့ခဲ့ပြီး၊ သူမ ကျောင်းကနေ ထွက်သွားတိုင်း ဂျော့ရှ် ဟာ၊ "ဟူး ဟူး ဟူး" ဆိုပြီး ငိုကြွေးခဲ့ပါတယ်။

ဘာဖြစ်လို့ ဂျော့ရှ် ဟာ ငိုကြွေးသလဲဆိုတာ ဘယ်သူကမှနားမလည်ခဲ့ပါဘူး။ သူ့မိဘတွေနဲ့ သူ့အဖွား "စလိုးမီ"လည်း ဘာလုပ်ရမှန်း မသိခဲ့ကြပါ။

မကြာခင်မှာ၊ ကျွန်းပေါ်က အကြီးဆုံးမြို့ဖြစ်တဲ့ Funchal သို့ သူတို့မိသားစုသုံးယောက်ခရီးထွက်ခဲ့ကြပါတယ်။ သူတို့စီးပွားရေးလုပ်ငန်းအတွက် ခရီးသွားရင်း ခြံစည်းရိုးကာရံထားပြီး သံနဲ့ပြုလုပ်တဲ့ခြံဝင်းတံခါးဖြင့် ဝိုင်းရံသော ဆွဲဆောင်မှုရှိတဲ့ ကျောင်းတစ်ကျောင်းကို သတိထားမိခဲ့ပါတယ်။

သူတို့သုံးယောက်စလုံး ဖွင့်ထားတဲ့ ခြံဝင်းတံခါးကနေ ကျောင်းဝန်းထဲဝင်လာခဲ့ကြပါတယ်။ ဂျော့ရှ် အနေနဲ့၊ကျောင်းရဲ့မြေကြီးပေါ် ခြေတစ်လှမ်း လှမ်းပြီးတာနဲ့ တစ်ခဏအတွင်းမှာပဲ၊ "ဒီကျောင်းကို၊ ကျွန်တော်သဘောကျတယ်" ဆိုပြီး ကြွေးကြော်ခဲ့ပါတယ်။

ပြီးတော့ တစ်ခြားကလေးတွေ ကစားကွင်းထဲမှာကစားနေကြတာကို သူတွေ့မြင်ခဲ့ပါသေးတယ်။ "တစ်ခြားကျောင်းမှာ ကျွန်တော်မသွားချင်ဘူး" ဆိုပြီး သူပြောခဲ့

ပါတယ်။

ဒါကြောင့်မို့ ဂျော့ရှ် ဟာမြော်လင့်ခြင်းအသင်းတော်ကျောင်းရဲ့ ကျောင်းသား တစ်ယောက်ဖြစ်လာခဲ့ပါတယ်။ ကျောင်းဆရာက စလိုးမီကို သူ့မြေးနဲ့အတူရှိဖို့ ကျောင်း နှစ်ရဲ့ပထမပိုင်း နှစ်လအထိ ခွင့်ပြုခဲ့ပါတယ်။ စလိုးမီ အနေနဲ့ကျောင်းကိုနှစ်သက်ပြီး ကျောင်းဆရာတွေကိုလည်း သဘောကျခဲ့ပါတယ်။ ဂျော့ရှ် အနေနဲ့လည်း အိမ်ပြန်လာ ဖို့တစ်ခါမှ မတောင်းဆိုတော့သလို မငိုတော့ပါ။ ပါစတာက ကျောင်းဆောင်ရဲ့ဒုတိယ ထပ်မှာ သမ္မာကျမ်းစာလေ့လာတဲ့အခါ ပါဝင်ဖို့ခေါ်ဖိတ်ခဲ့ပါတယ်။

"အချိန်မရွေး သမ္မာကျမ်းစာလေ့လာရာမှာ ကျွန်မသွားလို့ရပါတယ်။ ဒါပေမဲ့ ပြန်ပြီးတော့ ကျွန်မရေနှစ်ခြင်းခံမှာမဟုတ်ပါ။ ဘယ်သူကမှ ကျွန်မရဲ့ခေါင်းပေါ်မှာ ပြန်ပြီးရေမလောင်းရဘူး" ဆိုပြီး သူမ ပြောခဲ့ပါတယ်။

သူမအနေနဲ့ သမ္မာကျမ်းစာ လေ့လာတဲ့နေရာမှာ မသွားခဲ့ပါ။ အချိန်ကာလတွေလွန်သွားပြီးတဲ့နောက်မှာ၊ ဂျော့ရှ် နဲ့သူ့မိဘတွေဟာ ဗုဒ္ဓဟူး နေ့တိုင်း ကျောင်းဆောင်ရဲ့ဒုတိယထပ်မှာ ဆုတောင်းစည်းဝေးတက်ရောက်ခဲ့ကြပါ တယ်။ သူ့မိဘတွေက သမ္မာကျမ်းစာလေ့လာရာမှာပါဝင်ခဲ့ကြပါတယ်။ သူတို့နှစ်ဦးက သမ္မာကျမ်းစာလေ့လာနေတာကိုတွေ့လို့ စလိုးမီ အနေနဲ့လည်း သမ္မာကျမ်းစာလေ့လာ ဖို့သဘောတူခဲ့ပါတယ်။ ပြန်ပြီး ရေနှစ်ခြင်းမခံဖို့ အမိအရပြောခဲ့ပါတယ်။

"ကျွန်မမွေးတုန်းက နှစ်ခြင်းခံပြီးပြီ။ ကျွန်မအတွက် ပြန်ပြီးနှစ်ခြင်းခံဖို့မလိုပါ ဘူး" ဆိုပြီး သူမ ပြောခဲ့ပါတယ်။

စလိုးမီ က သမ္မာကျမ်းစာလေ့လာဖို့အတွက် အသင်းသူတစ်ဦး Ana နဲ့တွေ့ခဲ့ ပါတယ်။ သမ္မာကျမ်းစာ စပြီးလေ့လာတဲ့အခါ Ana အနေနဲ့ ဦးညွှတ်ပြီး ဘုရားအတူပါ ရှိဖို့ဆုတောင်းခဲ့ပါတယ်။ သမ္မာကျမ်းစာလေ့လာမှုအဆုံးမှာ Ana က၊"ပြန်ပြီးတော့ဆု တောင်းချင်ပါသလား" ဆိုပြီး မေးခဲ့ပါတယ်။

စလိုးမီ က သူခေါင်းခါခဲ့ပါတယ်။ သမ္မာကျမ်းစာကိုအရင်ဆုံးလေ့လာခဲ့တဲ့အ တွက် ခေါင်းထဲမှာရှုပ်ရှက်ခတ်ပြီး ခံစားခဲ့ရပါတယ်။

Ana အနေနဲ့ သီချင်းဆိုမလား ပြောလိုက်တော့၊ စလိုးမီ ကလည်းသဘောတူ ခဲ့ပါတယ်။ Ana အနေနဲ့ သီချင်းတစ်ပိုဒ်ဖွင့်ပြီးတော့ စလိုးမီ နဲ့အတူ သီချင်းဆိုခဲ့ကြ ပါတယ်။

Ana က၊ "ကိုယ်တော်ရှင်အိုးထိန်း၊ ကျွန်ုပ်အိုးမြေ. . . "ဆိုပြီး စဆိုလိုက်ပါ တယ်။

ချက်ချင်းပဲ၊ စလိုးမီ ဟာ မျက်ရည်တွေကျလာပြီး၊သီချင်းဆိုဖို့ ကြိုးစားခဲ့ပေမဲ့၊ တစ်လုံးမှ ဆိုလို့မရခဲ့ပါ။

Ana ကလည်း အံ့ဩလို့ သီချင်းမဆိုတော့ပဲ စလိုးမီ ကိုဘက်လိုက်ပါတယ်။

"မငိုတော့နဲ့" ဆိုပြီး သူမ အားပေးခဲ့ပါတယ်။

စလိုးမီ ဟာ သမ္မာကျမ်းစာကို Ana နဲ့ ဆက်ပြီးလေ့လာခဲ့ပါတယ်။ သူမအနေနဲ့ သခင်ယေရှုရဲ့ ရေထဲနှစ်ခြင်းခံပုံကို သိရှိလာခဲ့ပါတယ်။ သမ္မာကျမ်းစာက ကလေးနှစ်ခြင်းခံဖို့ မသွန်သင်တာ သူမ တွေ့မြင်ခဲ့ပါတယ်။ သူ့မြေးယောက်ျားလေးနဲ့ သူ့မိဘတွေနဲ့အတူ ဆုတောင်းစည်းဝေးမှာပါဝင်ခဲ့ပါတယ်။ ပြီးတော့၊ သူ့မိဘတွေအနေနဲ့ ရေနှစ်ခြင်းခံဖို့ စီစဉ်ခဲ့ကြပါတယ်။

သူတို့ရေနှစ်ခြင်းမခံခင် နှစ်ပတ်အလိုမှာ စလိုးမီ က Ana ကိုခေါ်ပြီး၊ "ကျွန်မ ပါစတာနဲ့ စကားပြောချင်ပါတယ်" ဆိုပြီး ပြောခဲ့ပါတယ်။

"သင်လုပ်ချင်မယ်လို့ ကျွန်မစဉ်းစားတဲ့အရာ သင်လုပ်ချင်သလား" ဆိုပြီး၊သူမ မေးခဲ့ပါတယ်။

စလိုးမီ ရေနှစ်ခြင်းမခံချင်ဘူးလို့အကြိမ်ကြိမ် ပြောပြီးတဲ့နောက်မှာ၊ သူမရေနှစ်ခြင်းပြန်ခံချင်တာ ပါစတာအနေနဲ့အံ့ဩခဲ့မိပါတယ်။ ရေနှစ်ခြင်းခံဖို့ အချိန်ယူပြီး ဆုံးဖြတ်ချက်ချရန် သူအကြံပေးခဲ့ပါတယ်။

အဲဒီနောက်၊ငါးလကြာတဲ့အခါမှာ သူ့နှလုံးသားကိုသခင်ခရစ်တော်ထံမှာဆက်ကပ်ခဲ့ပါတယ်။

ယနေ့ စလိုးမီဟာ သူမရဲ့အသင်းတော်အမျိုးသမီးဌာနမှာ အလုပ်လုပ်နေပါတယ်။ ဂျော့်ရှ် ရဲ့အဖေဟာအသင်းလူကြီးတစ်ဦးဖြစ်ပြီး၊သူ့အမေဟာ အသင်းထောက်မယ်တစ်ဦးဖြစ်ပါတယ်။ ဂျော့်ရှ် ဟာ အသက် ၁၂နှစ်အရွယ်မှာ ရေနှစ်ခြင်းခံခဲ့ပါတယ်။

ယနေ့ထက်တိုင် ဂျော့်ရှ် ဟာ ဘာဖြစ်လို့ အစိုးရမူကြိုကျောင်းမှာ ငိုကြွေးခဲ့ပြီးတော့၊ မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာ ပျော်ရွှင်နေခဲ့သလဲဆိုတာ စလိုးမီ နားမလည်နိုင်ခဲ့ပါ။ ဒါပေမဲ့၊ သူ့မှာ သေချာတာတစ်ခုကတော့၊ မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာ ဂျော့်ရှ် ကျောင်းတက်ခဲ့လို့၊ သူမရဲ့အသက်တာ လုံးလုံးပြောင်းလဲသွားခဲ့ပါပြီ။

"သန့်ရှင်းသောဝိညာဉ်တော်က ကျွန်မနှလုံးသားကို ထိတွေ့ခဲ့ပါတယ်။ အဲဒီအချိန်ဟာ ကျွန်မရေနှစ်ခြင်းပြန်ခံမယ်လို့ သိတဲ့အချိန်ပါဘဲ" ဆိုပြီး စလိုးမီ က ပြောခဲ့ပါတယ်။

ပေါ်တူဂီနိုင်ငံမှာ ပညာရေးဟာ မြော်လင့်ခြင်းအသင်းတော်အနေနဲ့ သခင်ယေရှုပြန်ကြွဆင်းလာမယ့်သတင်းကောင်းကို ဝေငှသက်သေခံဖို့အတွက် အဓိကနည်းလမ်းတစ်လမ်းဖြစ်ပါတယ်။

ဒီဒုတိယကွာတာရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့ အလှူငွေတစ်ချို့အားဖြင့် ပေါ်တူဂီနိုင်ငံ၊ Setubal မြို့မှာ အလယ်တန်းကျောင်းတစ်ကျောင်းဖွင့်လှစ်ခြင်းအားဖြင့်

မြော်လင့်ခြင်းပညာရေးတိုးချဲ့ဖို့ ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။ သင်တို့ရဲ့ ရက်ရောစွာဖြင့် လှူဒါန်းမယ့် အလှူငွေအတွက် အထူးကျေးဇူးတင်ပါတယ်။

-၀-

## “စက်ဘီးပေါ်က ထူးခြားဆန်းပြားတဲ့ အမျိုးသား”

ဇွန်လ (၁၇)ရက်၊ တင်ပြသူ-Vera
ပေါ်တူဂီနိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကို တင်ပြခိုင်းရန်)

Vera အနေနဲ့ စာမဖတ်တဲ့အပြင်၊ စာမရေးတတ်တဲ့ အသက်ကြီးစုံတွဲဖြစ်သော Ana နဲ့ Pedro တို့ကို သမ္မာကျမ်းစာသင်ပေးခဲ့ပါတယ်။ သူတို့သား Benvendo က ကျမ်းချက်တွေကိုအသံထွက်ဖတ်ပြပေးခဲ့ပြီး၊ သူတို့ရဲ့ အဖြေတွေကိုလည်း ရေးပေးခဲ့ပါတယ်။

ပေါ်တူဂီနိုင်ငံရဲ့အလယ်ပိုင်းက ဝေးလံသော လူဦးရေ ၁၀၀ နေထိုင်တဲ့မြို့ငယ် တစ်မြို့မှာ မြော်လင့်ခြင်းအသင်းသားတစ်ယောက်မှ မနေထိုင်ခဲ့ပါ။ မြို့ငယ်ကလူတွေ ဟာ ရိုးသားပြီး သမာဓိရှိကြပါတယ်။ တော်တော်ကွာဝေးတဲ့သူတို့ရဲ့မြို့ငယ်ကနေ အနီးဆုံးမြို့ငယ်ကိုကျော်ပြီး သူတို့တစ်ခါမှ ခရီးမထွက်ခဲ့ကြပါ။ အဲဒီမြို့ငယ်မှာ သာသနာပြုသူတစ်ဦးအနေနဲ့ တစ်နှစ်အတွင်း အမှုဆောင်ဖို့ Vera ကို စေလွှတ်ခဲ့ပါတယ်။

Ana နဲ့ Pedro တို့ရဲ့ အသက်တွေဟာ ၇၀ ကျော်ပြီဖြစ်ပါတယ်။ တစ်စုံတစ် ရာက Vera ရဲ့အာရုံကိုဆွဲဆောင်ခဲ့ပါတယ်။ သူတို့ဟာ ဥပုသ်နေ့အကြောင်းဆွေးနွေး တဲ့အခါမှာ Ana က “ဟုန်ကဲ့၊ဟုတ်ကဲ့ပါ၊အဲဒါမှန်ပါတယ်” ဆိုပြီး ထောက်ခံခဲ့ပါတယ်။

မြို့ငယ်ကလူတွေဟာ သူတို့ရဲ့ရိုးရာယုံကြည်ချက်အပေါ်မှာပဲ ရပ်တည်ချင်ခဲ့ ကြလို့ Vera အနေနဲ့ အံ့သြခဲ့ပါတယ်။ ဒါပေမဲ့၊ သူ့အနေနဲ့ ဘာတစ်ခုမှမပြောခဲ့ပါဘူး။

နောက်တစ်ပတ်မှာ၊ ဝတ်ပြုရာကျမ်း အခန်းကြီး ၁၁ မှ၊သန့်ရှင်းတဲ့အသားနဲ့ မသန့်ရှင်းတဲ့အသားအကြောင်းကို ဆွေးနွေးခဲ့ကြပါတယ်။ “ဟုတ်ကဲ့ပါ၊ဟုတ်ကဲ့ပါ။ အဲဒါမှန်ကန်ကြောင်း ကျွန်မသိပါတယ်” ဆိုပြီး Ana က ထောက်ခံခဲ့ပါတယ်။

Vera အနေနဲ့ အံ့သြလွန်းလို့ ငြိမ်မနေနိုင်တော့ပဲ၊ “အဲဒါမှန်ကန်ကြောင်း ဘယ်လိုသိပါသလဲ” ဆိုပြီး သူမက မေးခဲ့ပါတယ်။

လွန်ခဲ့တဲ့ နှစ် ၆၀ တုန်းက၊သူမ အပျိုဘဝမှာ၊ အမျိုးသားတစ်ဦးဟာ သူတို့ရဲ့ မြို့ငယ်သို့စက်ဘီးနဲ့ ဥပုသ်နေ့မွန်းလွဲပိုင်းမှာ ရောက်လာခဲ့တဲ့အကြောင်း Ana ရှင်းပြခဲ့ ပါတယ်။

အဲဒီဧည့်သည်အနေနဲ့ မြို့ငယ်ရဲ့ ဗဟိုကျတဲ့နေရာမှာ နေရာယူပြီးတော့တရား ဟောခဲ့ပါတယ်။ နားထောင်တဲ့သူတွေအထဲမှာ Ana ရဲ့အဖေလည်း ပါဝင်ခဲ့ပါတယ်။

သူနားထောင်ပြီးအိမ်ပြန်လာတဲ့အခါမှာ၊တရားဟောဆရာရဲ့သတင်းစကားက တကယ်မှန်ရဲ့လားဆိုတာ သမ္မာကျမ်းစာအုပ်ကိုဖွင့်ပြီးလေ့လာခဲ့ပါတယ်။ သူ့သမီးလိုမ ဟုတ်ပဲ သူကတော့ စာဖတ်တတ်ပါတယ်။

အဲဒီတရားဟောဆရာဟာ ဥပုသ်နေ့တိုင်း စက်ဘီးနဲ့လာခဲ့ပါတယ်။ Ana ရဲ့အဖေကလည်း ဥပုသ်နေ့တိုင်းတရားနားထောင်ခဲ့ပြီး၊ သူကြားခဲ့တဲ့တရားနဲ့ သမ္မာကျမ်းစာထဲကရေးထားတာကို နှိုင်းယှဉ်ခဲ့ပါတယ်။ တရားဟောဆရာအနေနဲ့ ကျမ်းစာထဲကအမှန်တရားကိုပဲ ဟောခဲ့ကြောင်း သူတွေ့မြင်ခဲ့ပါတယ်။

သူက သူ့သမီးငယ် Ana ဆီမှာ၊ "သတ္တမနေ့ဟာ ဥပုသ်နေ့ဖြစ်ပါတယ်။ ကျွန်ုပ်တို့အနေနဲ့ မသန့်ရှင်းတဲ့အသားတွေကိုမစာသင့်တော့ဘူး" ဆိုပြီး ကြိမ်ဖန်များစွာပြောခဲ့ပါတယ်။

Vera ဟာ မြော်လင့်ခြင်းတရားဟောဆရာအကြောင်းကိုကြားသိရလို့ အံ့သြခဲ့မိပါတယ်။ ရာစုနှစ်များစွာက သူ့တရားဟောချက်ကြောင့်Ana အတွက် သမ္မာကျမ်းစာမှ သိပ်ပြီးရှင်းပြစရာမလိုတော့ပါ။ Ana အနေနဲ့ သူ့အဖေဆီကနေကြားခဲ့ရတာတွေနဲ့သူသိခဲ့ရတာတွေ အတူတူဖြစ်နေပါတယ်။

Vera အနေနဲ့ ယော ၄း၃၇-၃၈ ထဲမှာ၊ "လူတစ်ဦးကပျိုးကြဲ၏။တစ်ဦးက စပါးရိတ်၏ ဟူသောစကားသည် ဤအရာ၌မှန်ကန်သတည်း။ သင်တို့သည် လယ်မလုပ်သောအရပ်၌ စပါးရိတ်စေခြင်းငှါ သင်တို့ကိုငါစေလွှတ်၏။ အခြားသောသူတို့သည် လယ်လုပ်ကြ၍၊ သင်တို့သည် ထိုသူတို့၏အလုပ်ထဲသို့ ဝင်ရကြ၏ဟု မိန့်တော်မူ၏" ဆိုပြီး သခင်ယေရှုက သူ့ကို ပြောပြနေသလို ခံစားခဲ့ရပါတယ်။

နှစ်ပေါင်းများစွာတုန်းက နာမည်မသိခဲ့တဲ့ တရားဟောဆရာတစ်ဦးရဲ့တရားဟောချက်တွေကြောင့် Ana နဲ့ Pedro တို့နှစ်ခြင်းခံခဲ့တာကို Vera အနေနဲ့တွေ့မြင်ခွင့် ရခဲ့ပါတယ်။ သူတို့စုံတွဲရဲ့သား Benvendo လည်းပဲ ရေနှစ်ခြင်းခံခဲ့ပါတယ်။

Vera အနေနဲ့ Ana နဲ့ Pedro တို့ကို ဘယ်တော့မှမမေ့ခဲ့ပါ။ သာသနာပြုသူတစ်ဦးအနေနဲ့ အလုပ်ဝင်စအချိန်မှာ သမ္မာကျမ်းစာသင်ပေးရတာဖြစ်လို့၊အဲဒီအတွေ့အကြုံက သူ့ယုံကြည်မှုကို ပိုပြီး သန်မာစေခဲ့ပါတယ်။ သာသနာပြုသူတစ်ဦးအနေနဲ့ အလုပ်လုပ်တဲ့နေရာတိုင်းမှာ ချက်ချင်း အကျိုးရလဒ်တွေကို တွေ့မြင်ရမလားဆိုတာ သူမ စိတ်မပူခဲ့ရပါ။ သူ့တာဝန်ဟာ မျိုးစေ့ကြဲရမှာဖြစ်ပြီး အကျိုးရလဒ်အတွက် သခင်ဘုရားကို ကိုးစားရမှာဖြစ်ပါတယ်။

"စက်ဘီးပေါ်က ထူးခြားဆန်းပြားတဲ့အမျိုးသားကို ကောင်းကင်ဘုံမှာဆုံတွေ့ဖို့ ကျွန်မမျှော်လင့်တောင့်တပါတယ်။ သူ့ဆီမှာ 'ကြည့်ပါဦး။ သင်လုပ်ခဲ့တဲ့အရာတွေ

ဟာ အချည်းနှီး မဖြစ်ခဲ့ဘူးနော်။ အဲဒီလူတွေဟာ သင့်ကြောင့်ရေနှစ်ခြင်းခံခဲ့ကြရတာ ဖြစ်ပါတယ်' လို့ ကျွန်မ ပြောပြပါ့မယ်" ဆိုပြီး Vera က ဝမ်းပန်းတသာပြောခဲ့ပါတယ်။

ပေါ်တူဂီနိုင်ငံမှာ သမ္မာကျမ်းစာလေ့လာမှုအပါအဝင်၊ ပညာရေး လက်လှမ်း မမီသေးတဲ့မြို့ငယ်လေးတွေမှာ မြော်လင့်ခြင်းအသင်းတော်အနေနဲ့ သခင်ယေရှုအမြန် ကြွဆင်းလာမယ့် သတင်းကောင်းကို ဝေငှသက်သေခံဖို့အတွက် အဓိကနည်းလမ်းတစ် လမ်းဖြစ်ပါတယ်။

ဒီဒုတိယကွာတာရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့ အလှူငွေတစ်ချို့အားဖြင့် ပေါ်တူဂီနိုင်ငံ၊ Setubal မြို့မှာ အလယ်တန်းကျောင်းတစ်ကျောင်းဖွင့်လှစ်ခြင်းအားဖြင့် မြော်လင့်ခြင်းပညာရေးတိုးချဲ့ဖို့ ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။ သင်တို့ရဲ့ ရက်ရောစွာဖြင့် လှူဒါန်းမယ့် အလှူငွေအတွက် အထူးကျေးဇူးတင်ပါတယ်။

-၀-

# "၁၃ ပတ် ဥပုသ်တော်နေ့အစီအစဉ်"

နှုတ်ခွန်းဆက်စကား - ဥပုသ်စာဖြေကျောင်းခေါင်းဆောင်
အဖွင့်သီချင်း - "မုန်တိုင်းကျစဉ် ခိုလှုံရာကျူး" မြန်မာ-၂၂၀၊CH-585
အဖွင့်ဆုတောင်း
အစီအစဉ် - "အိမ်မှာက သာသနာ့နယ်မြေ"
အလှူငွေကောက်ခံခြင်း -
အပိတ်သီချင်း - "လွန်မသွားပါနှင့် သိမ်မွေ့ရှင်ကျူး"မြန်မာ-၂၃၅၊CH-585

## "အိမ်မှာက သာသနာ့နယ်မြေ"

ဇွန်လ (၂၄)ရက်၊ တင်ပြသူ-Victor နဲ့ Eunice
ပေါ်တူဂီနိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကို တင်ပြခိုင်းရန်)

Victor နဲ့ Eunice တို့က မိုဇမ်းဘစ်နိုင်ငံ ဒါမှမဟုတ် Anglo နိုင်ငံမှာ ဘုရားသခင်ရဲ့အမှုတော်ထမ်းဆောင်ဖို့ သာသနာပြုဖို့ တောင့်တခဲ့ကြပါတယ်။ ဒါပေမဲ့၊၁၉၇၄ ခုနှစ်မှာ ပေါ်တူဂီနိုင်ငံက သူတို့ရဲ့မွေးရပ်ဇာတိမှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုရှိလို့ သူတို့ရဲ့အိပ်မက်ဟာ မဖြစ်နိုင်တော့သလို ဖြစ်ခဲ့ပါတယ်။

ပေါ်တူဂီနိုင်ငံ စစ်တပ်က အစိုးရအာဏာသိမ်းတဲ့အခါ၊နိုင်ငံ့ဥပဒေပြောင်းလဲသွားခဲ့ပါတယ်။ အရင်ဆုံး၊မြော်လင့်ခြင်းအသင်းတော်က ပေါ်တူဂီနိုင်ငံမှာကျောင်းဖွင့်နိုင်ခဲ့ပါတယ်။ နိုင်ငံရေးပြောင်းလဲမှုကြောင့် အိမ်မှာ သာသနာလုပ်ငန်းတစ်ခု လုပ်နိုင်ဖို့လမ်းပွင့်လာခဲ့ပါတယ်။ နိုင်ငံရေးပြောင်းလဲပြီးတဲ့နောက် လနဲ့ချီကြာလာတဲ့အခါ Victorနဲ့ Eunice တို့ရဲ့အသင်းသားတွေဟာ ပညာရေးဆိုင်ရာ အယ်လင်ဝှိုက်ရဲ့အကြံပေးချက်ကို စိတ်ဝင်စားလာခဲ့ကြပါတယ်။

သူတို့က၊"ကျွန်ုပ်တို့၏အသင်းတော်အားလုံးနှင့် ယုံကြည်သူရှိသည့်နေရာတိုင်း၌ အသင်းတော်ကျောင်းတည်ထောင်ဖွင့်လှစ်ရမည်။ ဤကျောင်းများ၌ သာသနာပြုဆရာများဖြစ်လာရန် ကလေးများကို သာသနာပြုစိတ်ဓာတ်ရှိသောကျောင်းဆရာများက သွန်သင်လမ်းပြရမည်။ အတတ်ပညာသာမဟုတ်ဘဲ၊ သမ္မာကျမ်းစာထဲမှ ဥပုသ်နေ့စောင့်သည့်ကလေးများကို သွန်သင်လမ်းပြရန် ကျောင်းဆရာများသည်

လေ့ကျင့်သင်ကြားဖို့ အင်မတန်လိုအပ်ပါသည်။ ဤကျောင်းများကို နေရာဒေသအလိုက် တည်ထောင်ဖွင့်လှစ်ခဲ့ပြီးဖြစ်၍ ပရောဖက်ကျောင်းများကဲ့သို့ ဘုရားသခင်ကို ကြောက်ရွံ့ရိုသေသောအမျိုးသားများနှင့်အမျိုးသမီးများသည် ဦးစီးဦးရွက် ပြုရပါမည်" (Review and Herald, July 2, 1908, par.1) ဆိုပြီး ဖတ်ခဲ့ကြပါတယ်။

အသင်းသားတွေအနေနဲ့ အသင်းတော်ကျောင်းတစ်ကျောင်းဖွင့်ဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။

အစိုးရကျောင်းဆရာမဖြစ်ပြီး မြော်လင့်ခြင်းအသင်းသူ စတုတ္ထမျိုးဆက်လည်း ဖြစ်တဲ့ Eunice အနေနဲ့ Porto မြို့ရဲ့အပြင်က မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာ စာသင်ကြားပေးဖို့ ခေါ်ဖိတ်မှုကို ကြီးမားတဲ့ယုံကြည်မျှော်လင့်ချက်နဲ့ လက်ခံခဲ့ပါတယ်။

မြော်လင့်ခြင်းအသင်းတော်အနေနဲ့ ပေါ်တူဂီနိုင်ငံမှာ တစ်ခါမှ ကျောင်းမဖွင့်သေးတဲ့အတွက် ဘာမဆို အသေးအမွှားကနေ စတင်ခဲ့ရပါတယ်။

"အဲဒါဟာ Anglo နိုင်ငံ ဒါမှမဟုတ် တစ်ခြားသာသနာ့နယ်မြေနဲ့ တူပါတယ်။ ကျွန်မတို့လိုက်လျှောက်ရမယ့်ဓလေ့ထုံးစံမရှိပါ။ ဘာမဆို အသစ်တွေပဲဖြစ်ကြပါတယ်။ ဆိုပြီး Eunice ကပြောပါတယ်။

အသင်းသားတွေက ကျောင်းအတွက် မြေကွက်တစ်ကွက်ကို ဝယ်ယူခဲ့ပြီး ၁၉၇၅ ခုနှစ်တွင် စာသင်မှုစတင်ခဲ့ပါတယ်။ ၎ါနေအသင်းတော်မှ ကလေးတစ်ဖွဲ့ဟာ စာသင်ခန်းငယ်တစ်ခုမှာ ပထမဆုံးကျောင်းသားတွေဖြစ်ကြပါတယ်။

ကျောင်းအနေနဲ့ နာမည်ရလာပြီး ကျောင်းသားဦးရေတိုးလာခဲ့ပါတယ်။ တစ်ခြားအသင်းတော်တွေကနေ မြော်လင့်ခြင်းမိဘတွေက သူတို့ရဲ့ကလေးတွေကို ဒီကျောင်း
မှာတက်ခိုင်းခဲ့ကြပါတယ်။ ဩဇာရှိတဲ့ မြော်လင့်ခြင်းအသင်းသားမဟုတ်သော မိသားစုတွေနဲ့ မြို့ထဲက တိုင်းရင်းဆေးဆိုင်ပိုင်ရှင်ဖြစ်တဲ့အပြင်၊ မြို့ရဲ့မြို့တော်ဝန်က သူတို့ရဲ့ ကလေးတွေကို ကျောင်းလာထားခဲ့ကြပါတယ်။

Eunice အနေနဲ့ သူမ အငြိမ်းစားယူတဲ့အထိတိုင် ကျောင်းမှာစာသင်ပေးခဲ့ပါတယ်။ လျှပ်စစ်အင်ဂျင်နီယာအလုပ်ကို ၂၁ နှစ်တိုင် လုပ်ခဲ့တဲ့ ဇစ်တာ အနေနဲ့ကျောင်း
မှာပြန်လာပြီးတော့ ကျောင်းဆရာလုပ်ခဲ့ပါတယ်။ သူနဲ့ Eunice နှစ်ဦးစလုံးကအလှည့်ကျကျောင်းအုပ်လုပ်ခဲ့ကြပါတယ်။

နှစ်များစွာကြာတဲ့အခါမှာ ပေါ်တူဂီမြော်လင့်ခြင်းအသင်းတော်ကျောင်း

အနေနဲ့သာသနာပြုစိတ်ခေါ်တ်ရှိတဲ့ကလေးတွေ အများကြီးမွေးထုတ်နိုင်ခဲ့ပါတယ်။ ယူနီယံဥက္ကဋ္ဌတစ်ဦး၊ပါစတာ ၁၄ ဦးနဲ့ ဓမ္မစာပေအမှုတော်ဆောင် ၄ ဦးတို့ကိုလည်းမွေးထုတ်နိုင်ခဲ့
ပါတယ်။

ဗစ်တာနဲ့Eunice တို့က ရေနှစ်ခြင်းခံခြင်းအားဖြင့် ခရစ်တော်ဆီမှာ သူတို့ရဲ့ နှလုံးသားကို ဆက်ကပ်တဲ့ကလေးတွေကို တွေ့လို့ ဝမ်းသာမဆုံးဖြစ်ခဲ့ကြပါတယ်။

သူတို့အနေနဲ့ မြော်လင့်ခြင်းအသင်းသားမဟုတ်တဲ့ မိသားစုမှကျောင်းလာတက်တဲ့ အသက် ၁၈ နှစ်အရွယ်ကျောင်းသားတစ်ယောက်ကို အထူးသတိရခဲ့ကြပါတယ်။ စေတနာ့ဝန်ထမ်းအနေနဲ့ ကျောင်းမှာအလုပ်လုပ်တဲ့ မြော်လင့်ခြင်းအသင်းသူတစ်ယောက်နဲ့ သူ မိတ်ဖွဲ့ခဲ့ပါတယ်။ သူတို့နှစ်ယောက်စလုံးက အိမ်ထောင်ပြုမဲ့ရက်စွဲကို သတ်မှတ်ခဲ့ကြပါတယ်။ ယနေ့၊ ဒီစုံတွဲတို့ဟာ သစ္စာရှိတဲ့အသင်းသားတွေဖြစ်ကြပြီး သမီးနှစ်ယောက်ထွန်းကားခဲ့ကြပါတယ်။ တစ်ယောက်ကတော့ မေ့ဆေးဆရာဝန်မဖြစ်ပြီး၊ နောက်တစ်ယောက်က ပတ်ဖိုင်ဒါ ခေါင်းဆောင်ဖြစ်ပါတယ်။

ပညာရေးမှာ သူ့ပါဝင်ကူညီမှုအတွက်၊ မြို့ကဂုဏ်ပြုလိုချင်ခဲ့တဲ့အချိန်ကို ဗစ်တာ အနေနဲ့ကောင်းကောင်းမှတ်မိခဲ့ပါသေးတယ်။ မြို့ခေါင်းဆောင်တွေက လမ်းတစ်လမ်းကို သူ့နာမည်ပေးဖို့ကမ်းလှမ်းခဲ့ကြပါတယ်။ ဗစ်တာကလည်း၊"မလုပ်ကြပါနဲ့၊ ကျွန်တော့်ကိုအသိအမှတ်ပြုဖို့ မလိုပါဘူး။ လမ်းတစ်လမ်းကို မြော်လင့်ခြင်းကျောင်းဆိုပြီးနာမည်ပေးဖို့ တင်ပြချင်ပါတယ်" ဆိုပြီး ပြောပြခဲ့ပါတယ်။

ဒါကြောင့်မို့၊ မြော်လင့်ခြင်းအသင်းတော်ကျောင်းကို ဂုဏ်ပြုတဲ့အနေနဲ့ မြို့ရဲ့ လမ်းမကြီးတစ်လမ်းကို မြော်လင့်ခြင်းကျောင်းဆိုပြီး နာမည်ပေးခဲ့တာဖြစ်ပါတယ်။

ဗစ်တာ နဲ့ Eunice တို့ဟာ ယခု အသက် ၇၀ ရှိပြီဖြစ်ပါတယ်။ သူတို့အနေနဲ့ အိမ်မှာသာသနာပြုဖို့ ခေါ်ဖိတ်မှုကို လက်ခံခဲ့ကြတဲ့အတွက် အရမ်းဝမ်းသာအားရခဲ့ကြပါတယ်။

"ကျွန်ုပ်တို့က Anglo နိုင်ငံ၊ဒါမှမဟုတ် မိုဇမ်းဘစ်နိုင်ငံမှာ သာသနာပြုဖို့စဉ်းစားနေခဲ့ပါတယ်။ ဒါပေမဲ့၊ နိုင်ငံရေးပြောင်းလဲမှုကြောင့် ကျွန်ုပ်တို့ သွားလို့မရခဲ့ပါ။ အိမ်မှာလည်း သာသနာ့နယ်မြေပါပဲလို့ ကျွန်ုပ်တို့သိရှိနားလည်ခဲ့ပါတယ်။ ကျောင်းနဲ့ သင်ကြားပေးမှုဟာ အမြဲပဲ ကျွန်တော့အတွက် သာသနာပြုမှုတစ်ခုဖြစ်ပါတယ်" ဆိုပြီး ဗစ်တာ ကပြောပြပါတယ်။

တစ်ခြားလူတွေက ကိုယ်တော်ရဲ့နောက်မလိုက်ဖို့ ဆုံးဖြတ်ခဲ့ကြပြီးတဲ့နောက်မှာ သူ့တပည့်တော် ၁၂ ပါးတို့နဲ့ သခင်ယေရှုစကားပြောဆိုမှုကို Eunice အနေနဲ့ သတိရပြန်ခဲ့ပါတယ်။သခင်ယေရှုက၊ "သင်တို့သည်လည်းထွက်သွားခြင်းငှာအလိုရှိကြသလော

ဟု မေးတော်မူလျှင် ရှိမုန်ပေတရုက၊ သခင်၊ အကျွန်ုပ်သည် အဘယ်သူထံသို့သွားရပါမည်နည်း။ ထာဝရအသက်နှင့်ယှဉ်သောစကားသည် ကိုယ်တော်၌ တည်ပါ၏ (ယောဖေ:၆၇-၆၈)" ဆိုပြီး မေးခဲ့ပါတယ်။

Eunice အနေနဲ့လည်း၊ "ကိုယ်တော့နောက်ကိုမလိုက်ခဲ့သော် အဘယ်သူနောက်ကို လိုက်ရမှာလဲ။ မြော်လင့်ခြင်းအသင်းတော်ကျောင်း ရှိတဲ့နေရာတိုင်းမှာ ကျွန်မသွားရပါမည်" ဆိုပြီး ရှင်ပေတရုလို ပြောပြပါတယ်။

ပေါ်တူဂီနိုင်ငံမှာ ပညာရေးဟာ လက်လှမ်းမမီတဲ့မြို့ငယ်တွေမှာ သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်အနေနဲ့ သခင်ယေရှုအမြန်ကြွဆင်းလာမယ့် သတင်းကောင်း

ကို ဝေငှသက်သေခံဖို့အတွက် အဓိက နည်းလမ်းတစ်လမ်းဖြစ်ပါတယ်။

ဒီဒုတိယကွာတာရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့ အလှူငွေတစ်ချို့အားဖြင့် ပေါ်

တူဂီနိုင်ငံ၊ Setubal မြို့မှာအလယ်တန်းကျောင်းတစ်ကျောင်း ဖွင့်လှစ်ခြင်းအားဖြင့်မြော်လင့်ခြင်းပညာရေးတိုးချဲ့ဖို့ ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။ အချုပ်ပြောရမည်ဆိုလျှင်၊ ၁၃ ပတ် ဥပုသ်တော်နေ့ အလှူငွေတစ်ချို့အားဖြင့် နိုင်ငံ ၄ နိုင်ငံမှာ မစ်ရှင်စီမံကိန်းငါးခုကို ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။ သင်တို့ရဲ့ ရက်ရောစွာဖြင့်လှူဒါန်းသွားမဲ့အလှူငွေအတွက် ကျေးဇူးတင်ပါတယ်။

-၀-